မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် ကြီးပွားချမ်းသာရေး ဆက်လက်ကြိုးပမ်းအားထုတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၄၄)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က (၄၄)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ အဆိုပါ သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)အဖွဲ့ကြီး တည်ထောင်ခြင်း (၄၄)နှစ်ပြည့် အခမ်းအနားမင်္ဂလာအခါသမယတွင် မိမိတို့အနေဖြင့် အာဆီယံအဖွဲ့ကြီး ဒေသတွင်း တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ ကြွယ်ဝချမ်းသာမှု စသည့် အောင်မြင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

အလေးထားလုပ်ဆောင်

တစ်ခုတည်းသော အမြင်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက် အသိုက်အဝန်းဟူသည့် သဘောထားကို ရည်မှန်းထားရှိပြီး ၂၀၁၅ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး အကျိုးရရှိစေမည့် အဓိကမဏ္ဍိုင်ကြီး (၃)ခုဖြစ်သော အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း(၃)ခု တည်ဆောက်နေစဉ်အတွင်း လူထုအကျိုးကို လိုလားသော၊ လူထုကိုဗဟိုပြုသော၊ စည်းမျဉ်းများကိုအခြေခံသော အာဆီယံသို့ ဦးတည်ကာ မိမိတို့ အလေးထားလုပ်ဆောင်သွားကြမည်ဟု ကတိကဝတ်ထားရှိကြပါသည်။

ထူးခြားသောအခွင့်အရေး

(၄၄)နှစ်မြောက် အာဆီယံနေ့ နှစ်ပတ်လည်အခါသမယတွင် အာဆီယံအလံ လွှင့်ထူပွဲ အခမ်းအနားများကို နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးစနစ်များ မတူညီ ကွဲပြားခြားနားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပနိုင်ခဲ့ခြင်းသည် ထူးခြားသော အခွင့်အရေးတစ်ရပ် အဖြစ် ပြသလျက်ရှိပြီး "ကွဲပြားခြားနားသော်လည်း စည်းလုံးညီညွတ်မှုရှိသည်" ဟူသည့် ယခုနှစ်ဆောင်ပုဒ်ကို ထင်ဟပ်စေပါသည်။

ဆက်လက်ကြိုးပမ်းအားထုတ်

ယခုအခွင့်အခါကြုံခိုက် မိမိတို့အနေဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ သာယာဝပြောရေးနှင့် ကြီးပွားချမ်းသာရေးတို့အတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်းပြောကြားလိုပါသည်။ စည်းလုံးညီညွတ်၍ သာယာဝပြောသည့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးရည်မှန်းချက်သို့ အောင်မြင်စွာ ရောက်ရှိပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။ ။

ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများ မိမိတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး အမြဲလက်ကမ်းကြိုဆိုလျက်ရှိ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဘားအံမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်အိမ်ထောင်စုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် ဩဂုတ် ၆ ရက် နံနက် ၈ နာရီခွဲတွင် ပြည်နယ်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများအားတွေ့ဆုံ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ရှင်းလင်းတင်ပြပြီး မုဒုံမြို့နယ် ဘဲရမ်းကျေးရွာအုပ်စု အဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်မှု၊ မော်လမြိုင်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ မုဒုံမြို့နယ် ကော့ပရံကျေးရွာအုပ်စု ရွာအဝင်တံတားသစ် တည်ဆောက်ခဲ့မှု၊ မုဒုံမြို့နယ် ကန်ကြီး ကန်ပတ်လမ်းလုပ်ငန်းနှင့် ရေလယ်ဇရပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဥပမိရုပ်မကောင်းသည့် အခြေခံပညာကျောင်းများ ဆောက်လုပ်ပြီးစီးမှု၊ ကျေးရွာလမ်းနှင့် ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးနိုင်ခဲ့မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ရန် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်အထိ လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်နေမှု၊ ဗဟိုသမဝါယမအသင်းမှ

စာမျက်နှာ ၈ ကော်လံ ၁ ❍

8-8 (01).pmd 1 8/8/2011, 2:07 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဩဂုတ် ၈ ရက်)

သဘာဝဘေးအန္တရာယ် ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုတင်ကာကွယ်

ယနေ့ကာလကမ္ဘာ့ရာသီဥတုသည်နှစ်စဉ်ပြောင်းလဲလျက်ရှိရာ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုများကြောင့် သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံနေလျက်ရှိသည်။ အချို့နိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြီးမားစွာ ခံစားနေကြရလျက်ရှိသည်။

မိုးရွာသွန်းမှု၊ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု စသည့်သဘာဝဘေးအန္တရာယ်များနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အခက်အခဲပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရတတ်ရာ ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယခုနှစ်၌ မိုးရွာရက်များလာသကဲ့သို့ မိုးရွာသွန်းမှုလည်း ပိုမိုအားကောင်းလာခဲ့သည်။ ယခုရက်ပိုင်းအတွင်း မိုးလေဝသတိုင်းထွာချက်များအရ စိုးရိမ်ရေမှတ်ကျော်လွန်သည်အထိ မြစ်ရေတက်မှုများဖြစ်ပေါ်ခဲ့ရသဖြင့် မြန်မာနိုင်ငံ၏ ဒေသအချို့၌ ရေကြီးမှုများဖြစ်ပေါ်ခဲ့ရသည်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ဒေသအချို့တွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသအချို့၌ ရေကြီးပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များကူညီပံ့ပိုးပေးရန် မော်လမြိုင်မြို့သို့ ဩဂုတ်လ ၅ ရက်နေ့က ရောက်ရှိခဲ့သည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသအချို့တွင် ရေကြီးပျက်စီးမှုများရှိခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ရေဘေးတွေ့ကြုံရသောသူများ၏ နေရေး၊ စားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးမှုလုပ်ငန်းများကအစ ပြန်လည်အခြေချဆောင်ရွက်နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုများကြောင့် မိုးများလွန်းခြင်း၊ နည်းလွန်းခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းစသည်တို့ ဖြစ်ပေါ်တတ်သဖြင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ စသည့်စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းဆုံးရှုံးမှုမရှိရန်၊ ပျက်စီးမှုကို အချိန်မီအစားထိုးနိုင်ရန် ကြိုတင်တွက်ဆဆောင်ရွက်ထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အတွေ့အကြုံများရှိပြီးဖြစ်သဖြင့် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ဟူသည် တားဆီး၍မရနိုင်သော်လည်း တွေ့ကြုံရမည့်အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများကြံဆ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ရာ တွေ့ကြုံရင်ဆိုင်ရမည့် အခက်အခဲများကို ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုတင်ကာကွယ်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူလတန်းလွန်ကျောင်းဆောင်သစ်ပေးအပ်ပွဲ သာစည်မြို့နယ်၌ ကျင်းပ

သာစည် ဩဂုတ် ၇

သာစည်မြို့နယ် လယ်ပြင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။
(အပေါ်ပုံ)

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက ကျောင်းများ ဖွင့်လှစ်ရခြင်းနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီးနောက် ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ကျောင်းအုပ်ဆရာကြီးဦးစန်းဦးမှ တာဝန်ရှိသူများ ထံပေးအပ်သည်။ ဆက်လက်၍ သာစည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များက ဗလာစာအုပ်များလှူဒါန်းကြပြီး ကျောင်းဆောင်သစ်အလှူရှင် ဦးသုတက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး

စစ်တွေ၌ လုပ်ငန်းညှိနှိုင်းဆွေးနွေး

စစ်တွေ ဩဂုတ် ၇

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ကျင်းပရာ **(အပေါ်ပုံ)** ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်စေရန် ရခိုင်ပြည်နယ်အနေဖြင့် မွေးမြူရေးနှင့် သားငါးလုပ်ငန်းဆိုင်ရာ အစုအဖွဲ့များဖွဲ့စည်းနိုင်ရေးနှင့် ငွေကြေးအရင်းအနှီးရရှိရန်အတွက် ရင်းနှီးမတည်ငွေ ထည့်ဝင်ပေးနိုင်မည့်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်၊ ရခိုင်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုမ္ပဏီလုပ်ငန်းရှင်များက ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသောလုပ်ငန်းရှင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ်ငါးလုပ်ငန်းဦးစီး)**

လက်ခံယူ

ရွှေပေါက်ကံမြို့နယ် မင်းရဲအောင်နိုင်လမ်း အမှတ်(၄၆၆)နေ မိဘများဖြစ်ကြသော ဦးဘထွန်း-ဒေါ်မမကြီးနှင့် ခင်ပွန်း ဦးတင်မြင့်တို့အားရည်စူး၍ ဒေါ်ထွေးရီနှင့် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်ဝင်းဝင်းရွှေတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ကျေးလက်ရေပေးရေး မိုးမိတ်၌ဆောင်ရွက်

မိုးမိတ် ဩဂုတ် ၇

မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သည့် လက်ခုပ်ပင်ကျေးရွာနှင့် မန်ဖွယ်(ရွာသစ်) ကျေးရွာများတွင် နှစ်လက်မ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၁၈၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ ရက်က အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တိုက်ကျွန်းထိပ်ရှိ မြေယာရှုခင်း ပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၄ ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စုစုအောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။
(မြို့နယ်စည်ပင်)

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး

ဖြူး ဩဂုတ် ၇

ဖြူးမြို့နယ် ဈေးရပ်ကွက် ပဲခူးလမ်း ခုံကျော် ၁၁/၀ ဒသမ ၄ ကေဗွီ (၅၀၀) ကေဗွီအေ ထရန်စဖော်မာဓာတ်အားခွဲရုံရှေ့တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦးနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း၊ ဈေးရပ်ကွက်နေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းကို ဇူလိုင် ၂၄ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်သူလယ်သမားများ ရရှိလာသော အတွေ့အကြုံများ အသုံးချ နိုင်ငံတော်အထိ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သို၊ ဘောဂလိမြို့နယ်ခွဲတို့မှ ကရင်တိုင်းရင်းသား လေ့လာရေးတောင်သူများအား နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ တောင်သူပညာပေးစိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းလယ်ယာ ဧက (၁၀၀)၌ ပြသရှင်းလင်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သို၊ ဘောဂလိမြို့နယ်ခွဲတို့မှ ကရင်တိုင်းရင်းသား လေ့လာရေးတောင်သူ ၅၀ တို့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက (၁၀၀)၌ ကိုယ်တိုင်လိုက်လံပြသ ရှင်းလင်းသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သီးနှံများဈေးကောင်းရရှိပြီး တောင်သူများ တွက်ခြေကိုက်ရန် စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အခြေခံအချက်များ၊ စပါးပျိုးခင်း တည်ထောင်ရာတွင် တစ်ဧကစိုက်ရန် မျိုးစေ့များကို လိုအပ်သည်ထက်များစွာ ပျိုးခြင်းသည် အပင်ကြီးထွားမှုကို ထိခိုက်စေကာ ရေရှည်တွင် မြေဆီမြေနှစ် ခန်းခြောက်၍ တောင်သူများအတွက် ကြီးမားသော ဆိုးကျိုးဖြစ်ပေါ်လျက်ရှိသည်ကို အထူးသတိပြု ဆင်ခြင်ကာကွယ်ကြရန်အချက်များနှင့် ချက်ချင်းနုတ်၊ ချက်ချင်းစိုက်ခြင်းဖြင့် မြေနှင့်ရေကို အကျိုးရှိရှိ အသုံးပြုပြီး တောင်သူလယ်သမားများ ပင်မသီးနှံအပြင် စားဖိုဆောင်သီးနှံဖြင့် အပိုဝင်ငွေရရှိနိုင်မှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စပ်မျိုးနေကြာ စိုက်ခင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စိုက်ပျိုးပြုစု

ယင်းနောက် အထူးအထွက်တိုးကွင်း(၁၀)ဧက စိုက်ခင်း၌ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် တာဝန်ရှိသူများက တစ်ဧကကြံတန်ချိန်(၆၀) ထွက်ရှိရန် သိပ္ပံနည်းကျစိုက်နည်းစနစ်များ၊ အထူးအထွက်တိုး မျိုးပြောင်းလဲစိုက်ပျိုးရန်များနှင့် တစ်ဧကေ သတ်မှတ်အပင်ရရှိရေး စိုက်ပျိုးပြုစုရန်များကို ရှင်းလင်းပြသ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက လေ့လာရေးရောက်ရှိလာသော ကရင်တိုင်းရင်းသား သွေးချင်းညီအစ်ကို တောင်သူလယ်သမားများအား ရရှိလာသော အတွေ့အကြုံများကို မိမိတို့ဒေသအသီးသီးသို့ ရောက်ရှိပါက လက်တွေ့ကျကျ ပြန်လည်အသုံးချကြပါက မိသားစုတစ်စုချင်း ဝင်ငွေတိုးတက်လာမည်မှာ ဧကန် မလွဲဖြစ်ကြောင်း၊ ကျေးရွာ၊ မြို့နယ်များမှ ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံတော်အထိ လယ်ယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစား လုပ်ဆောင်ကြခြင်းဖြင့် ကျေးလက်ဒေသများ ဆင်းရဲမှုလျော့ကျပြီး တစ်နိုင်ငံလုံး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မြေကြီးလက်ခတ် မလွဲနိုင်ကြောင်း ဆွေးနွေးအားပေး မှာကြားသည်။

ထို့နောက် ကရင်ပြည်နယ်မှ တိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ်အတွင်း အကျိုးဆောင်တောင်သူများ၏ ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများကို စိတ်ပါဝင်စားစွာ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေအားလျှပ်စစ်စက်ရုံများနှင့် ရေလှောင်တမံများ အမြဲကြံ့ခိုင်မှုရှိရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ရဲရွာ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၇

ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံသည် စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ရှိ စက်လေးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အား ၇၉၀မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၅၅၀ကို နိုင်ငံတော် ဓာတ်အား ကွန်ရက်စနစ်အတွင်း ပို့လွှတ်ထုတ်လုပ်ပေးနေသည့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သည်။

မှာကြား

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်ခန့်အကွာ ရဲရွာ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားပေးစက်ရုံ၁၅ရုံ၊ ကျောက်မီးသွေး ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံ(၁)နှင့် ရေလှောင်တမံကြီး/ငယ်များကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများ၊ ရေလှောင်တမံများ၊ တမံနှင့် ဆက်နွှယ်နေသော ရေအားအဆောက်အအုံများ အမြဲကြံ့ခိုင်မှုရှိစေရေးအတွက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အချိန်နှင့် တစ်ပြေးညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းအနေဖြင့် ဓာတ်အားပေးစက်လေးလုံးမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ် မောင်းနှင်ပေးလျက်ရှိသော်လည်း ကျန်ရှိသည့်အပြီးသတ်၊ အချောသပ်လုပ်ငန်းများကို အမြန်ပြီးစီးအောင် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင် ရှုရပ်မှနေ၍ RCC တမံ ဓာတ်အားပေးစက်ရုံနှင့် ရေပိုလွှဲမှ ရေကျော်နေမှု၊ ဓာတ်အားပေးစက်ရုံအတွင်း စက်အမှတ်(၁)၊ (၂)၊ (၃)၊ (၄) တို့မှ ဓာတ်အားများ ထုတ်လုပ်မောင်းနှင်နေမှု၊ ပင်မတမံ Gallery အတွင်း၌ တမံအတွင်း ထည့်သွင်းတည်ဆောက်ထားသည့် Dam Instrument များကို လည်းကောင်း၊ ပင်မတမံပေါ်မှနေ၍ တမံအတွင်း ရေဝင်ရောက်နေမှုနှင့် ရေပိုလွှဲမှ ရေလျှံကျနေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှင်းလင်းတင်ပြ

ကျောက်ဆည်မြို့နယ် လေးဆယ်ကုန်းကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့ကို ဆက်သွယ်ထားသောမြေသားလမ်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် မြေကျောက်များ စုဆောင်းထားရှိမှုကို ဩဂုတ် ၂ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် လမ်းကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမျိုးဝင်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဖဿဆူး** တရားတော် ဘဒ္ဒန္တကုဏ္ဍဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
- ၆:၄၀ အံ့ဖွယ်တမူ ဆဒ္ဒန်ဂူ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၉)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၃၁)
- ၈:၅၀ MRTV-4 7th Anniversary Live Show [Day 2 (Part -1)]
- ၉:၃၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားနှင့်ပတ်သက်သော ရောဂါများအကြောင်း)
- ၁၀:၁၀ ပြည်သူများ၏ ကျန်းမာရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်··· ဖြုပ္ပစိုရ်
- ၁၀:၂၅ Activities in the City (Health Care Group ၏ တတိယ အကြိမ်နှစ်ပတ်လည် အခမ်းအနားနှင့် အလှူငွေပေးအပ်ပွဲ)
- ၁၀:၄၀ The Champion of Dance
- ၁၀:၅၅ Celebrity Choice (ရတနာမိုင်)
- ၁၁:၅၀ ဒေါပုံမြို့နယ် မင်းနန္ဒာစာသင်တိုက်ကြီး၏ ပဓာန နာယက ဆရာတော်အရှင်ဝိသုန္ဒရုံသီအား ရည်မှန်းပူဇော်ပွဲ
- ၁၂:၀၀ လှူဒါန်းပူဇော်နတ်စင်တစ်ရာ ကျောင်းတိုက်မှ ဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ဝါဆို မြတ်သင်္ကန်း အလှူတော်
- ၁၂:၁၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးချဉ်စပ်ကြော်နှင့် ဝက်သားလုံးဟင်းချို)
- ၁၂:၅၀ ဆက်ကပ်လှူဒါန်း ရှင်သာမဏေသင်္ကန်း
- ၁:၀၀ **ဖဿဆူး** တရားတော် ဘဒ္ဒန္တကုဏ္ဍဝုဓာဘိဝံသ (ထူးကြီးဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ FMF Selection
- ၂:၅၅ ဓနုဖြူမြို့မှ ဇောတိကာရုံ ကျောင်းတိုက်၏ ဂုဏပူဇာသဘင်
- ၃:၁၅ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (မြင်းမူမောင်နိုင်မိုး)
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၉)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၃၁)
- ၅:၀၀ Activities in the City (VIVA BOARD ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနား)
- ၅:၁၅ (ET Foundation) မျက်စိအခမဲ့ ခွဲစိတ်ကုဆေးရုံကြီး လှူဒါန်းပွဲ
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၉၀)
- ၇:၀၅ MRTV-4 7th Anniversay Live Show [Day 2 (Part -2)]
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **အိမ်ထောင်စောစောပြုတာ ကောင်းတယ်၊ အိမ်ထောင်စောစော မပြုတာကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၃၂)
- ၁၀:၂၀ Sunday Talk (ဦးငြိမ်းမင်း၊ မျိုးမြတ်သူ)
- ၁၀:၅၀ ဗီဒီယိုပြခန်း
- ၁၁:၁၀ 3D ကွဲကော
- ၁၁:၂၅ အနုပညာမိုးကောင်းကင်
- ၁၁:၄၅ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအေးအေးသော်)
- ၁၂:၂၀ International Show Biz
- ၁၂:၃၅ ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
- ၁၂:၄၀ Box Office Movies (300)
- ၁:၁၅ သန့်ရှင်းကျန်းမာသော··· အာဟာရပြည့်မှုများနှင့်အတူ
- ၁:၃၀ Celebrity Profile (Justin Timberlake)
- ၂:၀၅ အနုပညာနှင့် နည်းပညာပေါင်းစပ်ဖန်တီးထားတဲ့ကမ္ဘာလေး
- ၂:၃၀ စွဲမက်ဖွယ်ရာ ရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ ပန်းပေါင်းစုံပွင့်ထုံကြိုင်သင်း··· မြို့ကျောက်မဲ၏ဂုဏ်သတင်း
- ၄:၂၀ ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
- ၄:၃၀ ဖူးပွင့်ဝေဆာရွှေကျင်မြေမှ ဥယျာဉ်သာ
- ၄:၄၀ တရားရိပ်ဖြင့် အေးငြိမ်းသာယာ ဇေယုတောင်တော်မဟာ
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

8-8 (03).pmd 1 8/8/2011, 2:07 AM

နိုင်ငံတကာသတင်းများ



အာကာသယာဉ်သစ် ထိပ်ဖူးအတွင်း ဘိုးရင်းစလေယာဉ်မှူးနှစ်ဦး လိုက်ပါမည်

နာဆာ ဩဂုတ် ၇

ဘိုးရင်းလေယာဉ်မှူးနှစ်ဦးသည် ဘိုးရင်းလေကြောင်းကုမ္ပဏီမှ လွှတ်တင်မည့် ပထမဦးဆုံး အာကာသယာဉ်ထိပ်ဖူးအတွင်း လိုက်ပါလိမ့်မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ဩဂုတ် ၆ ရက်တွင် ပြောကြားသည်။

အတည်ပြု

CST-၁၀၀ ဟုအမည်ပေးထားသော အာကာသယာဉ်ထိပ်ဖူးသစ် (ဝဲပုံ)သည် ၂၀၁၅ ခုနှစ်အတွင်း အတ္တလတ်-၅ ဒုံးပျံဖြင့် သုံးကြိမ်လွှတ်တင်မည်ဖြစ်ကြောင်း အမေရိကန်ဘိုးရင်း ကုမ္ပဏီက အတည်ပြုပြောကြားသည်။

ထိုသို့ သုံးကြိမ်တိုင်လွှတ်တင်ရာတွင် ပထမနှင့် ဒုတိယအကြိမ်တို့တွင် လူလိုက်ပါမည် မဟုတ်ဘဲ တတိယအကြိမ်ရောက်မှသာ ဘိုးရင်းအာကာသယာဉ်မှူးနှစ်ဦးတို့ လိုက်ပါကြမည်ဟု ဆိုသည်။ ယင်းအစီအစဉ်သည် အောင်မြင်ပါက အနာဂတ်ကာလတွင် အာကာသခရီးသွားများ ၎င်းအာကာသယာဉ်ဖြင့် ခရီးသွားမှု များလာနိုင်ကြောင်း ဘိုးရင်းကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။ ဘိုးရင်းကုမ္ပဏီသည် ကမ္ဘာမြေနှင့် နိုင်ငံတကာအာကာသစခန်းတို့အကြား ခရီးသွားများအား ပို့ဆောင်ပေးရေးအတွက်ဆောင်ရွက်ရန် အမေရိကန်အာကာသအေဂျင်စီက တိုက်တွန်းထားသည့် ပုဂ္ဂလိက ကုမ္ပဏီဖြစ်သည်။ **(အင်တာနက်)**

အာရှတွင် အစွယ်အရှည်ဆုံး သီရိလင်္ကာဆင် အသက် ၇၀ တွင် ကန္ဒီမြို့၌သေဆုံး

ကန္ဒီ ဩဂုတ် ၇

အာရှတွင် အစွယ်အရှည်ဆုံးရှိသည့် ဆင်တစ်ကောင်သည် သီရိလင်္ကာနိုင်ငံ၌ သေဆုံးသွားခဲ့ကြောင်း ဩဂုတ် ၆ ရက်က အင်တာနက်၌ သတင်းဖော်ပြသည်။ ၎င်းဆင်မှာ ဩဂုတ် ၄ ရက်က သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါဆင်၏အမည်ကို မီလ်လန်ဂိုဒါရာဂျားဟုခေါ်ပြီး သက်တမ်းအားဖြင့် ၇၀ ရှိသည်။ ထိုဆင်မှာ ကန္ဒီမြို့၌ ဆယ်စုနှစ်များစွာတွင် နှစ်စဉ် မွေးနေ့ဂုဏ်ပြုပွဲများ ပြုလုပ်ပေးခဲ့သည့် ဆင်ဖြစ်သည်။အာရှဆင်အများစုမှာ အာဖရိကဆင်များထက် အရွယ်အစားသေးငယ်သည့်အပြင် အစွယ်မှာလည်း သေးငယ်တတ်သည်။ သို့သော်လည်း မီလ်လန်ဂိုဒါရာဂျား၏အစွယ်များသည် မြေအထိ ရောက်အောင် ရှည်လျားသည်ဟု ဆိုသည်။ **(ယာပုံ)**

ထင်ရှားကျော်ကြား

အဆိုပါဆင်ကို ၁၉၄၅ ခုနှစ်က သီရိလင်္ကာနိုင်ငံ အနောက်မြောက်ပိုင်း၌ အပူပာမ်မီလ်လန်ဂိုဒါနှင့် အဖွဲ့က ဖမ်းဆီးချိန်တွင် ဆင်၏အလျားမှာလေးပေခန့်သာရှိပြီး အလွန်ချစ်စရာကောင်းသည့် ဆင်လေး ဖြစ်ကြောင်း ဆင်ဖမ်းသမား မီလ်လန်ဂိုဒါကပြောကြားသည်။ အဆိုပါဆင်သည် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲ ဖြစ်သော ကန်ဒီပီရာဟီရာပွဲတော်သို့ ပါဝင်ဆင်နွှဲလေ့ရှိပြီး ဗုဒ္ဓမြတ်စွယ်တော်ကို သယ်ဆောင်သည့် ဆင်အဖြစ် ထင်ရှားကျော်ကြားသောဆင်လည်း ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ကောင်းမြတ်သူ – စုစည်းသည်

လန်ဒန်မြို့မြောက်ပိုင်း၌ ရဲကားနှစ်စီး မီးရှို့ဖျက်ဆီးခံရ

လန်ဒန် ဩဂုတ် ၇

လန်ဒန်မြို့မြောက်ပိုင်း၌ ဩဂုတ် ၆ ရက် ညပိုင်းက လူတစ်ဦးအား ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုအပေါ် မကျေနပ်၍ လူတစ်စုကရဲကားနှစ်စီးကို မီးရှို့ဖျက်ဆီး ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဩဂုတ် ၇ ရက်က ပြောကြားသည်။အဆိုပါ ဖြစ်စဉ်မှာ လန်ဒန်မြို့မြောက်ဘက် တော့တင်ဟာမ်ရဲစခန်းအပြင်ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နှင့် မက်ဒတ်ဂန်အမည်ရှိ အသက် ၂၉နှစ်အရွယ် အမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့ဝင် တစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်အလယ်ပိုင်း၌ ထောင်ဖောက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၇

အီရတ်နိုင်ငံအလယ်ပိုင်း ဟီလာမြို့ရှိ အကျဉ်းစခန်းတစ်ခု၌ ထောင်ဖောက် မှုဖြစ်ပွားခဲ့သဖြင့် အကျဉ်းသားလေးဦးနှင့် အစောင့်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၇ ရက်၌ ပြောကြားသည်။ အဆိုပါ ဖြစ်ပွားမှုမှာ ဘာဘီလ်ပြည်နယ် မြို့တော်ဟီလာ၌ ဩဂုတ် ၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အကျဉ်းသားတစ်ဦးက ထောင်စောင့်ရဲတပ်ဖွဲ့ဝင်တစ်ဦးထံမှ ရိုင်ဖယ်သေနတ်ကို လုယူကာ ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

ကမ္ဘောဒီးယား၌ ကုမ္ပဏီသစ် ၁၅၂၈ ခု ဖွင့်လှစ်

ဖနောင်ပင် ဩဂုတ် ၇

ကမ္ဘောဒီးယားနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ကုမ္ပဏီသစ် ၁၅၂၈ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလက ကုမ္ပဏီ ၁၁၁၀ ဖွင့်လှစ်နိုင်မှုနှင့် နှိုင်းဆလျှင် ၃၇ ဒသမ ၆ ရာခိုင်နှုန်းတိုးလာကြောင်း ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဩဂုတ် ၇ ရက်တွင်ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။ ကုမ္ပဏီအများစုမှာ တရုတ်၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်းနှင့် ဒေသဆိုင်ရာကုမ္ပဏီများဖြစ်ကြသည်။ *အမ်အင်န်အေ၊ ဆင်ဟွာ*

ဖိလစ်ပိုင်တောင်ပိုင်း၌ လက်လုပ်ဗုံးကွဲ၊ နှစ်ဦးသေဆုံး

ကိုတာဘာတို ဩဂုတ် ၇

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း သေနတ်အရောင်းဆိုင်တစ်ဆိုင်အနီး လူနေအိမ် တစ်အိမ်၌ ဩဂုတ် ၆ ရက် ညပိုင်းက လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ နှစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဗုံးသည် ကိုတာဘာတိုမြို့ ဒီမာဇန်နေလမ်းနေ ဂျေဗွီမာတင်နက်၏ နေအိမ်၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

တာလီဘန်တို့ ပစ်ချမှုကြောင့် စစ်ရဟတ်ယာဉ်ပျက်ကျ အမေရိကန်အထူးတပ်ဖွဲ့ဝင် ၃၁ ဦး သေဆုံး

ကဘူးလ် ဩဂုတ် ၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဝါဒက်ပြည်နယ်တွင် ဩဂုတ် ၆ ရက်က နေတိုးဦးဆောင်သော တပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် ၃၁ဦး သေဆုံးခဲ့သည့်အပြင် အာဖဂန် တပ်ဖွဲ့ဝင်ခုနစ်ဦးလည်းသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၇ ရက်၌ သတင်းထုတ်ပြန်သည်။

ယခု အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ဆယ်စုနှစ်ကာလအတွင်း အများဆုံး အစုအပြုံလိုက် သေဆုံးခြင်းဖြစ်သည်။ အဆိုပါရဟတ်ယာဉ်အား တာလီဘန်လက်နက်ကိုင်များက ပစ်ချခဲ့ခြင်းဖြစ်သည်ဟု တာလီဘန်တို့က ထုတ်ဖော်ပြောကြားခဲ့သည်။ ဝါရှင်တန်မှ အမေရိကန်အရာရှိတစ်ဦးကလည်း ၎င်းရဟတ်ယာဉ်မှာ ပစ်ချခံရခြင်းဖြစ်သည်ဟု ယုံကြည်ရကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

သေဆုံးမှုအများဆုံး

ရဟတ်ယာဉ်ပျက်ကျခဲ့သည့်နေရာမှာ ကဘူးလ်မြို့တော်အနောက်ဘက် ဝါဒက်ပြည်နယ်အလယ်ပိုင်း တွင် ဖြစ်သည်။ အာဖဂန်နစ္စတန်၏လုံခြုံရေးကို အာဖဂန်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များအား လွှဲပြောင်းမှု စတင်သည့် သီတင်းနှစ်ပတ်အပြီး သေဆုံးမှုအများဆုံး ဖြစ်ရပ်ပင်ဖြစ်သည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်အချို့မှာ အမေရိကန်ရေတပ် အထူးတပ်ဖွဲ့မှဖြစ်သည်။ ၎င်းအထူးတပ်ဖွဲ့သည် ဘင်လာဒင်သေဆုံးခဲ့သည့် စစ်ဆင်ရေး၌ ပါဝင်ဆင်နွှဲခဲ့သည့် တပ်ဖွဲ့ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အများဆုံးသေဆုံးသည့်ဖြစ်ရပ်လည်း ဖြစ်သည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

ပြင်သစ်က ဥရောပဂြိုဟ်တုနှစ်လုံးလွှတ်တင်

ပါရီ ဩဂုတ် ၇

ပြင်သစ်နိုင်ငံ ဂိုင်ရာနာရှိ ကိုယူအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဩဂုတ် ၆ ရက် ဂရင်းနစ်စံတော်ချိန် ၂၂ နာရီ ၅၂မိနစ်၌ ဥရောပဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားသည့် အာရီရာနေ-၅ ဒုံးပျံကို အောင်မြင်စွာလွှတ်တင်လိုက်ပြီ ဖြစ်ကြောင်း ဩဂုတ် ၇ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

၂၀၁၁ခုနှစ်အတွင်း အာရီရာနေ-၅ ဒုံးပျံလွှတ်တင်မှုမှာ လေးကြိမ်မြောက်ဖြစ်ပြီး ဥရောပဂြိုဟ်တုလွှတ်တင်မှု၏ (၂၀၃)ကြိမ်မြောက်လည်းဖြစ်သည်။ ယခုဂြိုဟ်တုနှစ်လုံး လွှတ်တင်ခြင်းသည် ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံအချို့၏ ရုပ်မြင်သံကြား ထုတ်လွှင့်မှုစနစ်များ ပိုမိုလျင်မြန် ကောင်းမွန်စေရေးအတွက်ဖြစ်သည်။

ဆောင်ရွက်မည်

ဂြိုဟ်တုနှစ်လုံးအနက် အက်စ်ထရာ 1-N ဂြိုဟ်တုကို ပြင်သစ်နိုင်ငံ တိုလူစီမြို့ အီးအေဒီအက်စ်အက်စ်ထရမ်လုပ်ငန်းက တည်ဆောက်ထားခြင်း ဖြစ်သည်။ ယင်းဂြိုဟ်တုကို ၁၅ နှစ်ကြာ ဒီဇိုင်းထုတ်လုပ်တည်ဆောက်ထားခြင်းဖြစ်ပြီး အလေးချိန် ကီလိုဂရမ် ၅၃၅၀ ရှိသည်။ အာကာသအတွင်း ၁၅ နှစ်ကြာ လုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်သည်။

နောက်ဂြိုဟ်တုတစ်လုံးမှာ BSAT- 3C၊ JCSAT- 110 R ဖြစ်ပြီး အမေရိကန်နိုင်ငံ ပင်ဆာလ်ဗေးနီးယားပြည်နယ် နယူးတောင်းမြို့မှ လော့စ်ဟီးမာတင်ကော်မာရှယ် အာကာသလုပ်ငန်းမှ တည်ဆောက်ထားခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုမှာ အလေးချိန်ကီလိုဂရမ် ၂၉၁၀ ရှိပြီး အာကာသအတွင်း ၁၆ နှစ်ကြာမျှ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။ အာရီရာနေ-၅ ဒုံးပျံလွှတ်တင်မှုကို နှစ်ကြိမ်ရွှေ့ဆိုင်းခဲ့ရသည်။ ဇူလိုင်လ အစောပိုင်းကရွှေ့ဆိုင်းရမှုမှာ နည်းစနစ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့်ဖြစ်ပြီး ဒုတိယ ရွှေ့ဆိုင်းရမှုမှာ ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်၌ နေတိုးလောင်စာတင်ယာဉ် ၁၆ စီး မီးရှို့ခံရ

အစ္စလမ္မာဘတ် ဩဂုတ် ၇

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက နေတိုးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပေးမည့် လောင်စာဆီများ တင်ဆောင်လာသည့် ယာဉ် ၁၆ စီးကို အမည်မသိ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဩဂုတ် ၇ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့ဝင်များအား ထောက်ပံ့ရန် ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့မှတစ်ဆင့် ဖြတ်သန်းပို့ဆောင်မည့် လောင်စာဆီယာဉ်တန်းမှာ အစီး ၅၀ ခန့်ရှိသည်။ ယင်းလောင်စာဆီယာဉ်များကို အကြမ်းဖက်သမားများက မီးရှို့တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပက်ရှ်ဝါမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များက လောင်စာဆီယာဉ်များ မီးငြိမ်းသတ်ရန် ကြိုးစားခဲ့ကြရသည်။ ယင်းဖြစ်ရပ်တွင် ယာဉ်မောင်းများ ထိခိုက်ဒဏ်ရာရမှုတစ်ဦးမျှမရှိကြောင်း၊ မည်သည့်အဖွဲ့အစည်းက ပြုလုပ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

● *ကျောဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တွံတေး-မအူပင်လမ်းတစ်လျှောက်ရှိ လမ်း၊ တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းစခန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးသိန်းဆိုင်၊ ဧရာဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့၏ လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြမှုအပေါ် တွံတေး-မအူပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများအမြန်ဆုံးပြီးစီးရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊ ရန်ပုံငွေရရှိမှုအလိုက် လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ စက်၊ ယာဉ်၊ ယန္တရားများကို အရေးကြီးသည့် လုပ်ငန်းခွင်များ၌ အသုံးပြုနိုင်အောင် ဆောင်ရွက်ထားရန်တို့ကို မှာကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဇီးဖြူကုန်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မိုင်တိုင်အမှတ် (၁၅/၁)နှင့် (၁၇/၂)အကြား၌ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ စက်၊ ယာဉ်၊ ယန္တရားများဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆောင်ရွက်ထား

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင်က တာဝန်ယူဆောင်ရွက်သည့် မလက်တို-မဲဇလီလမ်း လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်က မလက်တို-မဲဇလီလမ်း (၁၆/၃)မိုင်အား လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး မလက်တို-မဲဇလီလမ်း တစ်လျှောက် လမ်းလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ မိုးတွင်းကာလတွင် လမ်းခင်းကျောက်များ ကြိုတင်စုဆောင်းထားရန်နှင့် လမ်းပေါ်တွင် ရေတင်ခြင်း၊ ရေဝပ်ခြင်း မရှိအောင် ဆောင်ရွက်ထားရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရန်ပုံငွေပဒေသာကပွဲ ဖျော်ဖြေ

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေပဒေသာကပွဲကို ဩဂုတ် ၆ရက် ည ၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် ရုပ်ရှင်ချစ်ပရိသတ်များ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက် SKY NET ကုမ္ပဏီက ငွေကျပ်သိန်း ၄၀၀၊ MDG ကုမ္ပဏီ (Gold Roast ကော်ဖီမစ်)က ငွေကျပ်သိန်း ၁၀၀နှင့် AA Medical Product ကုမ္ပဏီက ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက လက်ခံပြီး တေးဂီတ၊ တေးသရုပ်ဖော်၊ ဟာသတစ်ခန်းရပ်ပြဇာတ်များ၊ နှစ်ပါးသွား အစီအစဉ်များဖြင့် ရုပ်ရှင်သရုပ်ဆောင်များနှင့် ဟာသသရုပ်ဆောင်များက ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❖ မောင်မောင်မြင့်ဆွေ - စုစည်းသည် ❖

အီတလီစူပါဖလားချန်ပီယံ အေစီမီလန် အီတလီစူပါဖလား (၆)ကြိမ်မြောက် ဆွတ်ခူး

ပေကျင်း ဩဂုတ် ၇

အီတလီစူပါဖလားဘောလုံးပြိုင်ပွဲကို ပြီးခဲ့သည့် ဘောလုံးရာသီ၌ စီးရီးအေချန်ပီယံ အေစီမီလန်အသင်းနှင့် အီတလီစူပါဖလား လက်ရှိချန်ပီယံအင်တာမီလန်တို့ တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ငှက်သိုက်ပုံအိုလံပစ်အားကစားကွင်း၌ ဩဂုတ် ၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အီတလီစူပါဖလား (၆)ကြိမ်မြောက် ဆွတ်ခူးရရှိသွားပြီ ဖြစ်သည်။ ***(ယာပုံ)***

အဖွင့်ဂိုး

ပထမပိုင်းပွဲချိန် ၂၂မိနစ်၌ အေစီမီလန်ကွင်းလယ်ကစားသမား ဂတ်တူဆို၏ အမှားကြောင့်ရရှိသော အလွတ်တည်ကန်ဘောကို အင်တာမီလန်မှ ရှနိုက်ဒါကန်သွင်းရာ ဂိုးဝင်သွားသဖြင့် အင်တာမီလန်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

အေစီမီလန်အတွက် ချေပဂိုးကို ဒုတိယပိုင်းပွဲချိန် မိနစ် ၆၀၌ တိုက်စစ်မှူး အီဘရာဟင်မိုဗစ်က သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ဒုတိယပိုင်း ပွဲချိန် ၆၉မိနစ်၌ တိုက်စစ်မှူး ဘိုရာတန် သွင်းယူပေးခဲ့သဖြင့် အေစီမီလန်တို့ နှစ်ဂိုးရရှိခဲ့သည်။ ထို့ကြောင့် အင်တာမီလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် အီတလီစူပါဖလားကို လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ***(အင်တာနက်)***

ဝင်ဘလေကွင်း၌ မန်ယူတို့ အောင်ပွဲခံ၊ ကွန်မြူနတီဒိုင်းကို (၁၉) ကြိမ်မြောက် ဆွတ်ခူး

လန်ဒန် ဩဂုတ် ၇

၂၀၁၁-၂၀၁၂ ပရီမီယာလိဂ်ဘောလုံးရာသီအကြို ကွန်မြူနတီဒိုင်းဘောလုံးပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဝင်ဘလေကွင်း၌ ဩဂုတ် ၇ ရက်က မန်ယူနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်ယူတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွန်မြူနတီဒိုင်းကို (၁၉)ကြိမ်မြောက် ဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)**

ဖိကစားနိုင်

ဝဲလ်ဘတ်နှင့် ရွှန်နေ တိုက်စစ်အတွဲဖြင့် ပွဲထွက်လာသော မန်ယူသည် ပထမပိုင်း ပွဲချိန်အတွင်း ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မန်စီးတီးအသင်းဘက်သို့ ဖိကစားနိုင်ခဲ့သည်။ သို့သော် မန်စီးတီးဂိုးဧရိယာအရောက်တွင် ပျက်သွားသည်က များနေခဲ့သည်။ တိုက်စစ်ကို ဘာလော့တယ်လီနှင့် ဒီဇီကိုတို့ ဦးဆောင်ကာ ကစားခဲ့သည့် မန်စီးတီးအသင်းကလည်း အခွင့်အရေးရသည်နှင့် ဂိုးရအောင် သွင်းယူနိုင်ခဲ့သည်။

ပထမပိုင်းပွဲချိန် ၃၈ မိနစ်၌ အလွတ်တည်ကန်ဘောမှတစ်ဆင့် မန်စီးတီး နောက်ခံလူ လက်စ်ကော့က မန်ယူဂိုးဧရိယာအတွင်းမှ ခေါင်းတိုက် သွင်းယူခဲ့သည်။ မန်ယူတို့ ချေပဂိုး သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ပွဲချိန် ၄၆ မိနစ်၌ တိုက်စစ်မှူး ဒီဇီကိုက အဝေးမှ အမှတ်မထင် ကန်သွင်းယူခဲ့ရာ မန်ယူဂိုးသမား ဒေးဗစ်ဒီဂီရာ မကာကွယ်နိုင်ခဲ့ဘဲ ဂိုးပေးလိုက်ရသဖြင့် မန်စီးတီးတို့ နှစ်ဂိုးရရှိခဲ့သည်။ ဒုတိယပိုင်းပွဲချိန် စသည်နှင့် မန်ယူတို့ ချေပဂိုး ရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၅၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှ တစ်ဆင့် စမောလင်းက အနီးကပ် ပိတ်သွင်းယူခဲ့သဖြင့် ဂိုးရရှိခဲ့သည်။ မန်ယူတို့ ချေပဂိုး ရရှိပြီးနောက် ဆက်တိုက်ဖိကစားခဲ့ရာ ပွဲချိန် ၆၂ မိနစ်၌ နာနီက ဂိုးဧရိယာအတွင်း အနီးကပ်သွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယ ချေပဂိုးရရှိခဲ့သည်။

ထို့နောက် မန်ယူတို့ အနိုင်ဂိုး ရရှိရေး ထိုးဖောက်ကစားခဲ့ရာ မန်စီးတီး နောက်ခံလူများက ဂိုးဧရိယာအတွင်း ကြိုးစားဟန့်တားခဲ့ရသည်။ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး လေလွင့်ချိန် လေးမိနစ်၌ မန်ယူကွင်းလယ်ကစားသမား နာနီက တစ်ဦးတည်း ဘောလုံးလွတ်လွတ်ကျွတ်ကျွတ်ဆွဲယူလာပြီး မန်စီးတီး ဂိုးသမားကိုပါ ကျော်ဖြတ်ကာ ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ကွန်မြူနတီဒိုင်းကို (၁၉)ကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း **သတင်းအတိုအထွာ** ၇-၈-၂၀၁၁

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လှိုင်းဘွဲမြို့နယ်၌ ပေးအပ်

လှိုင်းဘွဲမြို့နယ် ဒိုင်းပြကျေးရွာအုပ်စု၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းသူအောင် ဦးဆောင်မှုဖြင့် ဇူလိုင် ၃၀ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲ ကျင်းပသည်။ အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး အသက် (၁၈)နှစ်ပြည့် ၁၁၃ ဦး၊ အသက် (၁၀)နှစ်ပြည့် ၃၈ဦးတို့အား လှိုင်းဘွဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ရမည်းသင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့သစ်ရွေးချယ်

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ဗီဒီယိုအခြေခံအလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၇ ရက် နံနက်က ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရွေးချယ်ခံအလုပ်အမှုဆောင်အဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းကို တိုင်းဒေသကြီး ဗီဒီယိုအတွင်းရေးမှူးက ဖတ်ကြားပြပြီး ဥက္ကဋ္ဌ ဦးလှထွန်း၊ အတွင်းရေးမှူး ဦးမြငွေ၊ ဘဏ္ဍာရေးမှူး ဦးသိန်းဝင်း၊ စာရင်းစစ်ဦးမြဦးနှင့် အဖွဲ့ဝင်ငါးဦး အပါအဝင် ကိုးဦးအား မြို့နယ်ဗီဒီယိုအခြေခံအလုပ်အမှုဆောင်အဖွဲ့သစ်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ *(၀၁၁)*

ပညာရည်ချွန်ဆုပေးပွဲ ဟိုပင်မြို့နယ်၌ ကျင်းပ

မိုးညှင်းခရိုင် ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် မူကြိုအဆင့်ကျောင်းပြီးဆုံးကြောင်း လက်မှတ်ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၂ ရက် နံနက်က အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းဆင်းလက်မှတ်နှင့်ဆုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ရေကြည်မြို့၌ ကျောင်းကျန်းမာရေးလုပ်ငန်းကွင်းဆင်းဆောင်ရွက်

ရေကြည်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သွားဆရာဝန် ဒေါက်တာပေါစံ၊ သူနာပြုဆရာမကြီး(၁) ဒေါ်မေရီမြင့်၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်မြသန်း၊ သားဖွားဆရာမများဖြစ်ကြသော ဒေါ်ညိုညို၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်ဆွေအေးနှင့် ဒေါ်မိုးဆွေတို့သည် ဩဂုတ် ၁ရက်မှစ၍ မူလတန်း၊ မူလွန်၊ အလကကျောင်းများသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ *(၃၇၄)*

စီမံကိန်းရည်မှန်းချက်များ ဇန်းဓော်မြို့နယ်၌ တာဝန်ပေးအပ်

ဇန်းဓော်မြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ၂၀၁၁ခုနှစ် ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဇန်းဓော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဥက္ကာက မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား စီမံကိန်းရည်မှန်းချက်များကို တစ်ဦးချင်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ်စီမံကိန်းဦးစီး)*

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မြန်အောင်မြို့နယ်၌ဟောပြော

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးငွေထွန်းနှင့် ဟင်္သာတခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်တို့သည် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက မြန်အောင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့်၊ ကြံခင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်သူဇာတို့နှင့်အတူ မြန်အောင်မြို့နယ် ဆယ်ရွာအုပ်စု ကြို့ကုန်းကျေးရွာတွင် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏လုပ်ငန်းများကို ဒေသခံပြည်သူများအား ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ ***(ခရိုင် ပြန်/ဆက်)***

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီခွဲက အခြေခံပညာ အထက်တန်းကျောင်း သံလွင်ဆောင်၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သန်းအောင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်လံဝင့်က ဥပဒေရေးရာ သိကောင်းစရာများကို လည်းကောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ *(ခရိုင် ပြန်/ဆက်)*

ရွှေသို့ရည်သန် အာဆီယံ

မောင်အာဆီယံ

**"တို့များအလံလွှင့်ထူမည်၊ မိုးယံမြင့်ထက်ဆီ
ဝင့်ကြွားဂုဏ်ယူ နှလုံးသားထိ
ပေါင်းစုသည့် တစ်ခုတည်းအာဆီယံ
ကမ္ဘာ့အမြင်စံ ကျယ်ပြန့်ပါပေသည်"**

၂၀၁၁ခုနှစ် ဩဂုတ်လ ၈ ရက်နေ့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ (၄၄)နှစ်မြောက်နှစ်ပတ်လည်ဖြစ်သည်သာမက အထက်ပါ စာသားများ ပါရှိသည့် အာဆီယံသီချင်းကို သီဆိုလျက် အာဆီယံနိုင်ငံအားလုံး၏ နိုင်ငံခြားရေး ဝန်ကြီးဌာနများနှင့် အာဆီယံနိုင်ငံများ၏ သံရုံး၊ အဖွဲ့ရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံး များတွင် မိမိတို့နိုင်ငံတော်အလံနှင့်ယှဉ်တွဲလျက် ပထမဆုံးအကြိမ်လွှင့်ထူကြမည့်နေ့ လည်း ဖြစ်ပါသည်။

အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကော်မတီမှ အာဆီယံအလံ အသုံးပြုရေး ညွှန်ကြားချက်များကို ပြီးခဲ့သည့် မေလတွင်ကျင်းပခဲ့သည့် ယင်းကော်မတီ၏ (၈) ကြိမ် မြောက် အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူ လူထု၏ စည်းလုံးညီညွတ်မှု သင်္ကေတတစ်ရပ်အနေဖြင့် အာဆီယံအလံကို အာဆီယံ နေ့တွင် လွှင့်ထူရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အာဆီယံအသိုက်အဝန်းတစ်ခုကို ၂၀၁၅ ခုနှစ်တွင် ထူထောင်ရေးအတွက် ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာများရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ တစ်ချိန် တည်းတွင် အဖွဲ့ဝင်နိုင်ငံများကြားတွင်လည်းကောင်း၊ အာဆီယံ၏ဆွေးနွေးဖက်နိုင်ငံ များ၊ အခြားနိုင်ငံများ၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ကောင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တည်ငြိမ်၊ အေးချမ်း၊ သာယာဝပြော၍ လူထု ဗဟိုပြုဒေသတစ်ရပ် ဖန်တီးရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။

နောက်ခံအချက်အလက်အကျဉ်း

အာဆီယံ၏ဆောင်ရွက်ချက်များကို ပြန်ကြည့်ပါက ထင်ရှားသောခြေလှမ်း များနှင့် တိုးတက်မှုများကို တွေ့မြင်ရမည်ဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများ အသင်း(အာဆီယံ)ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အာဆီယံကြေညာ စာတမ်း (ဗန်ကောက်ကြေညာစာတမ်း)အရ ဗန်ကောက်မြို့၌ ဖွဲ့စည်းတည်ထောင်ခဲ့ ပါသည်။ မူလအဖွဲ့ဝင်ငါးနိုင်ငံမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြပြီး ၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ဘရူနိုင်းနိုင်ငံသည် လည်းကောင်း၊ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသည်လည်း ကောင်း၊ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံသည် လည်းကောင်း၊ ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသည် လည်းကောင်း အသီးသီးအဖွဲ့ဝင်နိုင်ငံများ ဖြစ်လာကြပါသည်။

အာဆီယံပဋိညာဉ်စာတမ်း

၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပါ အဝင် အခြားအာဆီယံခေါင်းဆောင်များမှ အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter)ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံသည် သတ္တမမြောက်နိုင်ငံအဖြစ် ၂၁-၇-၂၀၀၈ ရက်၌ အာဆီယံပဋိညာဉ်စာတမ်းကို အတည်ပြုခဲ့ပါသည်။ အာဆီယံ ပဋိညာဉ်စာတမ်းသည် အာဆီယံ ၁၀ နိုင်ငံ အတည်ပြုပြီးနောက် ၁၅-၁၂-၂၀၀၈ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ခြင်းဖြင့် အာဆီယံသည် စည်းမျဉ်းစည်းကမ်းများကို အခြေခံသော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာပါသည်။

အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံအသိုက်အဝန်းတစ်ရပ်ကို ၂၀၁၅ခုနှစ်တွင် အဓိကမဏ္ဍိုင်သုံးရပ်ဖြစ်သော အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက် အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက် အဝန်းတို့ဖြင့် ထူထောင်သွားရန် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း

အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း၏ အန္တိမရည်မှန်းချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများ တစ်နိုင်ငံနှင့် တစ်နိုင်ငံသော်လည်းကောင်း၊ ကမ္ဘာကြီးနှင့်သော်လည်းကောင်း တရားမျှတပြီး ဒီမိုကရေစီရှိသော သဟဇာတဖြစ် သည့် ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းစွာနေထိုင်ရေး အာမခံချက်ပေးရန်ပင် ဖြစ်ပါသည်။

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းသည် ဒီမိုကရေစီ၊ ဥပဒေစည်း မျဉ်းများနှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှု အခြေခံသဘောတရားများကို ထိန်းသိမ်း လိုက်နာပြီး အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အာဆီယံနိုင်ငံ များ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကာကွယ်ရေးနှင့် မြှင့်တင်ရေး လေးစားကာ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်သွားရမည်ဖြစ်ပါသည်။ တစ်ချိန် တည်းမှာပင် ဒေသတွင်းတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမြှင့်တင်ရာတွင် အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်းသည် အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ ၎င်း၏ဆွေးနွေးဖက်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်းကောင်း အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း

အာဆီယံစီးပွားရေးအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက် ရန် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့မှ ၂၂ ရက်နေ့အထိ စင်ကာပူနိုင်ငံ စင်ကာပူမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်း အဝေးတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း အခြေပြုမြေပုံဆိုင်ရာ ကြေညာချက် ကို အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းအခြေပြုမြေပုံ သည် အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် စီးပွားရေးပေါင်းစည်းမှုလုပ်ငန်းများ၊ အကောင် အထည်ဖော်ဆောင်ရွက်ရမည့် အချိန်သတ်မှတ်ချက်များကို ဖော်ဆောင်သည့် မဟာ စီမံကိန်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါသည်။ အာဆီယံစီးပွားရေး အသိုက် အဝန်းကို ၂၀၁၅ခုနှစ်တွင် အပြီးသတ်ထူထောင်ရန် စီးပွားရေးလုပ်ငန်းရှင်များ အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း ဆက်သွယ် ရေးအစီအစဉ်နှင့် တိုးတက်မှုလုပ်ငန်းစဉ်များကို အမှတ်ပေးစနစ်ဖြင့် ထားရှိ ဆောင်ရွက်လျက်ရှိပါသည်။

အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ပြည်သူများအကြား စည်းလုံးညီညွတ်မှု တည်တံ့ရေး မျှော်မှန်းလျက် လူထုဗဟိုပြု အာဆီယံအသိုက်အဝန်း ပေါ်ပေါက်လာ ရေး အထောက်အကူပြုရန် ရည်မှန်းထားပါသည်။ ပြည်သူများ၏ စားဝတ်နေရေး၊ ပိုမိုမြင့်မားကောင်းမွန်သည့် လူနေမှုဘဝရရှိရေးနှင့် အပြန်အလှန်မျှဝေ စောင့်ရှောက် သည့် အသိုက်အဝန်းတစ်ရပ်ဖြစ်စေရန် ကြိုးပမ်းလျက်ရှိပါသည်။

အရေးကြီးသော စာချုပ်များနှင့် သဘောတူညီချက်များ

ဗန်ကောက်ကြေညာစာတမ်း

မူလအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း-အာဆီယံကို ၁၉၆၇ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဗန်ကောက်မြို့၌ ဗန်ကောက်ကြေညာစာတမ်း (အာဆီယံ ကြေညာစာတမ်း)ဖြင့် ထူထောင်ခဲ့ပါသည်။

ဘာလီသဘောတူညီချက်-၁

၁၉၇၆ခုနှစ် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ အာဆီယံ ခေါင်းဆောင်များက ဘာလီသဘောတူညီချက်ချမှတ်ခဲ့ပါသည်။ ယင်းသဘောတူညီ ချက်ကို အစောပိုင်းတွင် အာဆီယံသဘောတူညီချက်ကြေညာစာတမ်း သို့မဟုတ် ဘာလီသဘောတူညီချက်အဖြစ် မှတ်သားခဲ့ကြပါသည်။ သို့သော်လည်း ၂၀၀၃ ခုနှစ်တွင် ဘာလီသဘောတူညီချက်-၂ ကို လက်မှတ်ရေးထိုးပြီးနောက် ယခင်သဘောတူညီချက် ကို ဘာလီသဘောတူညီချက်-၁ အဖြစ် ခေါ်ဆိုခဲ့ကြပါသည်။ ယင်းသဘောတူညီချက် သည် အာဆီယံယန္တရားခိုင်မာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ သတင်းအချက်အလက်နှင့် လုံခြုံရေးတို့ပါဝင်သော ပူးပေါင်းဆောင်ရွက်မှု များအတွက် မူဘောင်ချမှတ်ပေးခြင်း ဖြစ်ပါသည်။

ဘာလီသဘောတူညီချက်-၂

အာဆီယံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သောနှစ်ပေါင်း (၄၀)အတွင်း ဦးတည်ခဲ့ပြီး ၂၀၀၃ခုနှစ်တွင်မူ အာဆီယံ၏ပူးပေါင်းဆောင်ရွက်မှုတွင် အလှည့်အပြောင်း တစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ ယင်းအလှည့်အပြောင်းမှာ အာဆီယံသည် လူ့အဖွဲ့အသိုက် အဝန်းတစ်ခုအဖြစ် ပေါင်းစည်းရန်ဖြစ်ပါသည်။ ယင်းသို့ ပေါင်းစည်းမှု ဖြစ်မြောက်ရန် ရည်မှန်းပြီး အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှ အာဆီယံသဘောတူညီချက်-၂ဆိုင်ရာ ကြေညာ စာတမ်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ယင်း ကြေညာချက်တွင် အာဆီယံအသိုက်အဝန်းကို အာဆီယံနိုင်ငံရေး-လုံခြုံရေးအသိုက် အဝန်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက် အဝန်းတို့ဖြင့် ထူထောင်ရန် မျှော်မှန်းခဲ့ပါသည်။

ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်

အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ် (တီအေစီ)ကို ၁၉၇၆ခုနှစ် ဖေဖော်ဝါရီလတွင် အာဆီယံမူလအဖွဲ့ဝင်ငါးနိုင်ငံ ပါဝင်ချုပ်ဆို ခဲ့ပါသည်။ တီအေစီစာချုပ်ကို ပြင်ဆင်သည့် ပထမနှင့် ဒုတိယနောက်ဆက်တွဲစာချုပ် များကို ၁၉၈၇ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင် ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၌ ကျင်းပသည့် (၂၈)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးတွင် တီအေစီစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ တီအေစီစာချုပ်တွင် အာဆီယံနိုင်ငံများသာမက ဒေသအတွင်း အင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ ရုရှား ဖက်ဒရေးရှင်း၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ စသည့် နိုင်ငံများလည်း အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့ပါသည်။ တီအေစီစာချုပ်သို့ ပြင်သစ်နိုင်ငံနှင့် တီမောလက်စ်တီနိုင်ငံများသည် ၂၀၀၇ခုနှစ် ဇန်နဝါရီလ စီဘူးထိပ်သီးအစည်းအဝေး တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများက ၂၀၀၇ခုနှစ် ဇူလိုင်လ အတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင်ကျင်းပသည့် အကြိမ်(၄၀)မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် အဆိုပါစာချုပ်သို့ပါဝင်ခဲ့ပါသည်။ ၂၀၀၈ခုနှစ် ဇူလိုင်လတွင် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် အမေရိကန်နိုင်ငံ၊ ၂၀၁၀ ခုနှစ် ဇူလိုင်လတွင် တူရကီနှင့် ကနေဒါနိုင်ငံတို့ ပါဝင်လက်မှတ် ရေးထိုးခဲ့ပါသည်။

တီအေစီသည် ဒေသတွင်းနိုင်ငံများအကြား ဆက်ဆံရေးတွင် လိုက်နာရမည့် အဓိကစည်းမျဉ်းတစ်ရပ်အဖြစ် တည်ရှိပါသည်။ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှု ထိန်းသိမ်းရေးအတွက် တီအေစီကို ဆက်လက်ကျင့်သုံးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်စေမည်ဖြစ်ပါသည်။ အချုပ်အခြာ အာဏာပိုင်နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအပါအဝင် နိုင်ငံအများမှ တီအေစီသို့ ဝင်ရောက်ရန် စိတ်ပါဝင်စားနေကြခြင်းမှာ အားတက်ဖွယ်ဖြစ် ပါသည်။ ဥရောပသမဂ္ဂမှ တီအေစီသို့ ဝင်ရောက်ရေးမျှော်မှန်းလျက်ရှိပါသည်။ ဥရောပ သမဂ္ဂနှင့်စပ်လျဉ်း၍ စာချုပ်သို့ အချုပ်အခြာအာဏာပိုင်နိုင်ငံများပါဝင်သော အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ ဝင်ရောက်နိုင်ရေး တီအေစီကိုပြင်ဆင်သည့် တတိယ နောက်ဆက်တွဲစာချုပ် အတည်ပြုသည့်လုပ်ငန်းစဉ်ကို စာချုပ်ဝင်နိုင်ငံများမှ ဆောင်ရွက် လျက်ရှိပါသည်။

ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေရေးဇုန်စာချုပ်

ဒေသငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေရေးဇုန်စာချုပ်သည် အာဆီယံ၏ ဒေသလုံခြုံငြိမ်းချမ်းရေးဆိုင်ရာစာချုပ်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၁၉၇၁ခုနှစ် နိုဝင်ဘာလ ၂၇ရက်နေ့တွင် ကွာလာလမ်ပူကြေညာချက်အရ ထုတ်ပြန်ဆောင်ရွက် ခဲ့ပါသည်။ ပြင်ပစွက်ဖက်မှုများ ကင်းရှင်းရေး၊ ဒေသတွင်း အင်အားစုစည်း၍ စည်းလုံး ညီညွတ်စွာ ရပ်တည်နိုင်ရေး၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးများအတွက် ရည်ရွယ် ပါသည်။

အရှေ့တောင်အာရှနျူကလီးယားလက်နက်ကင်းမဲ့ဇုန်

အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်စာချုပ် Treaty on the Southeast Asia Nuclear Weapon-Free Zone (SEANWFZ) ကို ၁၉၉၅ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လက်မှတ် ရေးထိုးခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံ မဟုတ်သော် လည်း စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသဘောတူညီချက်ကို နျူကလီးယားမပြန့်ပွားရေး စာချုပ်အပိုဒ် (၇)နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ယင်းစာချုပ်သည် ၁၉၉၇ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့ပါသည်။ SEANWFZ စာချုပ်သည် နျူကလီးယားလက်နက်လုံးဝဖျက်သိမ်းရေး၊ မပြန့်ပွားရေး၊ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမြှင့်တင်ရေး၊ အရှေ့တောင်အာရှဒေသ အား နျူကလီးယားလက်နက်နှင့် အဖျက်စွမ်းအားကြီးမားသော၊ အခြားလက်နက် အားလုံး ကင်းစင်သော ဒေသတစ်ရပ်အဖြစ် ထိန်းသိမ်းရေးလိုလားမှုကို ဖော်ပြလျက်ရှိ ပါသည်။ ယင်းစာချုပ်အရ စာချုပ်အဖွဲ့ဝင် နိုင်ငံများအနေဖြင့် နျူကလီးယားလက်နက် များကို ထုတ်လုပ်ရန်ကြိုးပမ်းခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ ယင်း လက်နက်အပေါ် ထိန်းချုပ်ခြင်းများကို ပြုလုပ်ခြင်းမပြုရပါ။ နျူကလီးယား လက်နက် များကို လက်ခံထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်းများကိုလည်းကောင်း၊ စမ်းသပ်ခြင်း နှင့် အသုံးပြုခြင်းများကိုလည်း မပြုလုပ်ရန် တားမြစ်ထားပါသည်။

လုပ်ငန်းဆောင်ရွက်မှုယန္တရားများ

အာဆီယံထိပ်သီးအစည်းအဝေး

အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံမှ နိုင်ငံ အကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်သည့် အာဆီယံ၏ အဆင့်မြင့်ဆုံးအစည်းအဝေးကြီးဖြစ်သည်။ အာဆီယံ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ အာဆီယံအမြဲတမ်းကော်မတီအစည်းအဝေး၊ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာဆွေးနွေး ပွဲတို့မှ ဆွေးနွေးခဲ့သည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အာဆီယံဆိုင်ရာ သဘော တူညီချက်များ၊ ကြေညာချက်များနှင့် နားလည်မှုစာချွန်လွှာများနှင့်ပတ်သက်၍လည်း ကောင်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ခေါင်းဆောင် များက ဆွေးနွေးအတည်ပြုလက်မှတ်ရေးထိုးသည့် အစည်းအဝေးကြီးတစ်ခုဖြစ်ပါသည်။ အာဆီယံ ပဋိညာဉ်စာတမ်းအရ ထိပ်သီးအစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပပါသည်။ ထို့ပြင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများကြား ထိပ်သီးအစည်း အဝေးများကိုလည်း နှစ်ဖက်သဘောတူညီသည့်နေ့ရက်နှင့် နေရာတွင် ကျင်းပလေ့ရှိ ပါသည်။ ယခုနှစ်တွင် ရုရှားဖက်ဒရေးရှင်းနှင့် အမေရိကန်နိုင်ငံတို့သည် ၂၀၁၁ခုနှစ် နိုဝင်ဘာလ ဘာလီ၌ ကျင်းပမည့် အရှေ့အာရှထိပ်သီးအစည်းအဝေးတွင် ပထမဆုံး အကြိမ် ပါဝင်လာမည်ဖြစ်ပါသည်။

အာဆီယံဝန်ကြီးအဆင့် အစည်းအဝေး

အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးသည် အာဆီယံအဖွဲ့၏လုပ်ငန်းစဉ်များ ပူးပေါင်းညှိနှိုင်းကြရန်နှင့် မူဝါဒလမ်းညွှန်ချက်များအား ဆွေးနွေးပြုစုကြရန်အတွက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ တစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပသည့်အစည်းအဝေး ဖြစ်ပြီး နှစ်စဉ် ဇူလိုင်လတွင် ကျင်းပပြုလုပ်လေ့ရှိပါသည်။ ကြားကာလတွင် သီးသန့် အစည်းအဝေးများနှင့် အလွတ်သဘောအစည်းအဝေးများလည်း ပြုလုပ်လေ့ရှိပါသည်။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သော အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီ (ASEAN Coordinating Council-ACC) ကို ဖွဲ့စည်းထားပါသည်။ အဆိုပါကောင်စီသည် အာဆီယံထိပ်သီးအစည်းအဝေးများ အတွက် ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ ထိပ်သီးအစည်းအဝေးမှချမှတ်သည့် ဆုံးဖြတ် ချက်များနှင့် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အာဆီယံထိပ်သီးအစည်းအဝေးမှ သတ်မှတ်ပေးသည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါသည်။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလတွင် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်း၊ အမေရိကန်တို့နှင့်ကျင်းပသော အာဆီယံ အပေါင်းတစ် အစည်း အဝေးများ၊ အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ တို့ကြား ကျင်းပသော အာဆီယံ အပေါင်းသုံး နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ နှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနှင့် အမေရိကန်နိုင်ငံတို့ပါဝင်သော အရှေ့အာရှ ထိပ်သီးအစည်း အဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲတို့ကို ကျင်းပလေ့ရှိပါသည်။ ရုရှား ဖက်ဒရေးရှင်းနှင့် အမေရိကန်နိုင်ငံတို့မှာ အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ယခုနှစ်တွင် ပထမဆုံးအကြိမ် ပါဝင်လာ ခြင်းဖြစ်ပါသည်။

အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာနိုင်ငံရေး-လုံခြုံရေးကိစ္စရပ်များကို လွတ်လပ် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်သော နိုင်ငံခြားရေးဝန်ကြီးများအဆင့် အာဆီယံ ဒေသဆိုင်ရာ ဆွေးနွေးပွဲကိုလည်း နှစ်စဉ်အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်း အဝေးကာလအတွင်း ကျင်းပလေ့ရှိပါသည်။ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲတွင် အာဆီယံ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဒေသတွင်းနိုင်ငံ စုစုပေါင်း ၂၇ နိုင်ငံပါဝင်ပြီး ယင်းတို့မှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ကနေဒါ၊ တရုတ်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ မွန်ဂိုလီးယား၊ နယူးဇီလန်၊ ပါကစ္စတန်၊ ပါပူဝါနယူး ဂီနီ၊ ဖိလစ်ပိုင်၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်း၊ စင်ကာပူ၊ သီရိ လင်္ကာ၊ ထိုင်း၊ တီမောလက်စ်တီ၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြပါသည်။

အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး

အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသည် အာဆီယံအဖွဲ့ အစည်း၏လုပ်ငန်းအစီအစဉ်များနှင့် နိုင်ငံရေးနှင့်လုံခြုံရေးကိစ္စများကို ဆွေးနွေးသည့် အစည်းအဝေးတစ်ခုဖြစ်ပြီး အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးသို့ တာဝန်ခံတင်ပြ ရပါသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးများကိုလည်း (SOM Working Group Meeting-SOMWG)ကို အခါအားလျော်စွာ ကျင်းပပါသည်။

အာဆီယံအတွင်းရေးမှူးချုပ်ရုံး

အာဆီယံ၏လုပ်ငန်းများကို အထောက်အကူပြုရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် အတွင်းရေးမှူးချုပ်ရုံးကို တည်ထောင်ထားရှိပါသည်။ ဖွဲ့စည်းပုံအရ အတွင်းရေးမှူးချုပ်ကို ဝန်ကြီးအဆင့်သတ်မှတ်ပြီး အာဆီယံဝန်ကြီးအဆင့် အစည်း အဝေး၏ ထောက်ခံချက်အရ အာဆီယံခေါင်းဆောင်များက ငါးနှစ်တာသက်တမ်း အတွက် အတည်ပြုခန့်အပ်ပါသည်။ အတွင်းရေးမှူးချုပ်ကို ဒုတိယအတွင်းရေးမှူးချုပ် လေးဦးက အထောက်အကူပြုပြီး ဒုတိယအတွင်းရေးမှူးချုပ်နှစ်ဦးကို အက္ခရာစဉ် အလိုက် အဖွဲ့ဝင်နိုင်ငံများမှ အလှည့်ကျခန့်ပါသည်။ ကျန်နှစ်ဦးကို သုံးနှစ်သက်တမ်း (အများဆုံး-နှစ်ကြိမ်)အတွက် တတ်မြောက်ကျွမ်းကျင်မှုအရ လွတ်လပ်စွာ ရွေးချယ် ခန့်ထားပါသည်။

ထို့အပြင် ပဋိညာဉ်စာတမ်းအရ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတည်ရှိရာ ဂျကာတာမြို့တွင် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံစီမှ သံအမတ်ကြီးအဆင့်ရှိ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးစီပါဝင်သည့် အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ (Committee of Permanent Representatives-CPR) တစ်ရပ်ကို ဖွဲ့စည်းထားပါသည်။ အဆိုပါကော်မတီသည် အာဆီယံအသိုက်အဝန်းကောင်စီနှင့် အာဆီယံအခြားဝန်ကြီးများအဆင့်ဆိုင်ရာလုပ်ငန်းရပ်များအား အထောက်အကူပြုခြင်း၊ အာဆီယံအမျိုးသားအတွင်းရေးမှူးရုံးများနှင့် အာဆီယံအခြားဝန်ကြီးများဆိုင်ရာ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုပေးခြင်းနှင့် အာဆီယံအတွင်းရေး မှူးချုပ်၏လုပ်ငန်းတာဝန်များကို အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်ပါသည်။

အာဆီယံဥက္ကဋ္ဌတာဝန်

အာဆီယံဥက္ကဋ္ဌ ရာထူးကို အဖွဲ့ဝင်နိုင်ငံ အမည်များ၏ အင်္ဂလိပ်အက္ခရာစဉ် အတိုင်း နှစ်စဉ်အလှည့်ကျဆောင်ရွက်ရန်ဖြစ်ပါသည်။ အာဆီယံသည် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်းတွင် တစ်ခုတည်းသော ဥက္ကဋ္ဌရာထူးရှိရမည်ဖြစ်ပြီး အာဆီယံဥက္ကဋ္ဌ အဖြစ် လက်ခံဆောင်ရွက်သည့်နိုင်ငံက အောက်ပါအစည်းအဝေးများတွင် ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပါသည်-

စာမျက်နှာ ၇ ကော်လံ ၁သို့

8-8 (06).pmd 1 8/8/2011, 2:07 AM

စာမျက်နှာ ၆ မှ

(က) အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် ထိပ်သီးအစည်းအဝေးများ၊
(ခ) အာဆီယံ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ၊
(ဂ) အာဆီယံ အသိုက်အဝန်းကောင်စီ (၃) ရပ်၊
(ဃ) သင့်လျော်သည့်ကိစ္စတွင် သက်ဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် ကဏ္ဍအလိုက် အဖွဲ့အစည်းများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊
(င) အမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ။

အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အဖွဲ့ဝင်နိုင်ငံသည်-
(က) မူဝါဒပိုင်းဆိုင်ရာ ဦးဆောင်ဦးရွက်ပြုခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်း၊ တူညီဆန္ဒရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အာဆီယံအသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးကြိုးပမ်းမှုများအပါအဝင် အာဆီယံ၏အကျိုးစီးပွားနှင့် ကောင်းကျိုးချမ်းသာကို တက်ကြွစွာ တိုးမြှင့်ဆောင်ရွက်ရန်နှင့်
(ခ) ပြင်ပ မိတ်ဆွေများနှင့် ပိုမိုနီးကပ်သည့် ဆက်ဆံရေးကို ခိုင်မာတိုးတက်စေရန် ဆောင်ရွက်ရာတွင် အာဆီယံကို ကိုယ်စားပြုဆောင်ရွက်ရန်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ကို အင်ဒိုနီးရှားနိုင်ငံမှ တာဝန်ယူလျက်ရှိပါသည်။

အာဆီယံနှင့်မြန်မာ

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအသင်းဝင်ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင် မဖြစ်မီကပင် ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် အာဆီယံ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အာဆီယံအသင်းကြီး၏ အရေးပါဆုံး စာချုပ်တစ်ရပ်ဖြစ်သော အရှေ့တောင်အာရှဒေသ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးနောက် အာဆီယံအသင်း၏ လေ့လာသူအဖြစ် ပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသင်းဝင်မဖြစ်မီက ပါဝင်ချုပ်ဆိုခဲ့သော အခြားစာချုပ်တစ်ရပ်မှာ အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန် စာချုပ်ဖြစ်ပါသည်။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော ပဉ္စမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပသော အရှေ့တောင်အာရှဒေသ (၁၀)နိုင်ငံ ထိပ်သီးအစည်းအဝေးတွင် အဆိုပါစာချုပ်ကို အရှေ့တောင်အာရှဒေသ၏ (၁၀)နိုင်ငံခေါင်းဆောင်တို့က လက်မှတ်ရေးထိုးချုပ်ဆိုကြရာ မြန်မာနိုင်ငံမှလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်ဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသီးသီးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးလျက်ရှိပါသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်ကို အခြေခံလျက် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါသည်။ ကမ္ဘာ့အသိုက်အဝန်းအတွင်း တာဝန်သိအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိပြီး အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယခုနှစ် မေလအတွင်း ဂျကာတာမြို့၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံသို့လည်း ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံပဋိညာဉ် စာတမ်းအရ တာဝန်ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့၏ တာဝန်ဝတ္တရားနှင့် အခွင့်အရေးကိုကျင့်သုံးရန်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်တွင် ရယူရန် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌ တာဝန်ရယူရန် အသင့်ဖြစ်သည့် မည်သည့်အချိန်တွင်မဆို ယင်းတာဝန်ကို ရယူရန် ၂၀၀၅ ခုနှစ်တွင် အာဆီယံမှ သဘောတူညီထားကြပါသည်။ ။

ကူးစက်တတ်ခြင်းမရှိသည့် နာတာရှည်ရောဂါများ ကာကွယ်နှိမ်နင်းရေး

ဌာနပေါင်းစုံ ပူးပေါင်းပါဝင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၇

Non- communicable Diseases (NCDs) များသည် ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်းလုံး ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အနေဖြင့် ရှိနေကြောင်း၊ Major NCDs လေးခုရှိပြီး CVD Cardio vascular Disease (သွေးတိုး၊ နှလုံးရောဂါအပါအဝင် နှလုံးသွေးကြောဆိုင်ရာရောဂါများ)၊ Cancer (ကင်ဆာရောဂါအမျိုးမျိုး)၊Chronic Lung Diseases (နာတာရှည် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ) နှင့် Diabetes (သွေးချို၊ ဆီးချို ရောဂါများ) ဖြစ်ကြောင်း။

ယခုအခါ NCDs များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၌လည်း အဖြစ်များပြီး ဆင်းရဲချမ်းသာ အသက်အရွယ်မရွေး ဖြစ်ပွားနေကြောင်း၊ အလေးထားတင်ပြလိုသည်မှာ ဤ NCDs များ၏ ဖြစ်ပွားနှုန်းနှင့် သေဆုံးနှုန်းများကို ကူးစက်ရောဂါများနည်းတူ ကာကွယ်နိုင်ကြောင်း၊ တားဆီးနိုင်ကြောင်း၊ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ကြောင်း၊ အဓိက NCDs ဖြစ်ပွားရသည့် အကြောင်းရင်းကို ယနေ့အထိ တိတိကျကျ မဖော်ထုတ်နိုင်သေးသော်လည်း Major NCDs များဖြစ်လာရန် အန္တရာယ် အမူအကျင့်များ (Risk Factors) များကို ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း၊ Risk Factor များထဲမှ Behavioural Risk Factors များသည် ဆေးလိပ်သောက်ခြင်း၊ ကျန်းမာမှုနှင့် ညီညွတ်မှုမရှိသော အစားအသောက်များ စားသောက်ခြင်း၊ ကိုယ်ကာယလေ့ကျင့်ခန်းလှုပ်ရှားမှုနည်းပါးခြင်းနှင့် အရက်အလွန်အကျွံသောက်ခြင်းတို့ ဖြစ်ကြောင်း။

ပြောကြား

NCDs များ ဖြစ်ပွားသေဆုံးမှုကို ထိထိရောက်ရောက် လျှော့ချနိုင်ရေးအတွက် စနစ်တကျ စီမံချက်များ ချမှတ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအတွင်း Major NCDs များ လက်ရှိဖြစ်ပွားသေဆုံးမှုအခြေအနေများနှင့် အန္တရာယ်အပြုအမူ (Risk Factors) များ လူထုအတွင်း ပျံ့နှံ့မှုအခြေအနေများဆိုင်ရာ သတင်းအချက်အလက်များ ရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဤ Major NCDs များ ဖြစ်ပွားသေဆုံးမှု လျှော့ချနိုင်ရေးအတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စနစ်တကျစီမံချက်များ ချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် အသုံးပြုမည့် "National Policy on Prevention & Control of NCDs in Myanmar" (မူကြမ်း)ကိုလည်း ဆွေးနွေးပွဲ၌ တင်ပြဆွေးနွေးသွားမှာ ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "ကူးစက်တတ်ခြင်းမရှိသည့် နာတာရှည်ရောဂါများအတွက် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် ပတ်သက်၍ ဌာနပေါင်းစုံ ပူးပေါင်းပါဝင်ရေးညှိနှိုင်းဆွေးနွေးပွဲ" (Country Level Multi-sectoral Meeting on NCDs) ဖွင့်ပွဲ အခမ်းအနား၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ညှိနှိုင်းဆွေးနွေးပွဲကို နံနက် ၁၀နာရီတွင် ကျင်းပရာ သဘာပတိအဖြစ် မကွေးတိုင်းဒေသကြီးအခြေခံကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါ်စန်းစန်းမြင့်အောင်က ဆောင်ရွက်ပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာသီတာလှ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာနွယ်နွယ်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင့်ဆွေလတ်တို့က ကူးစက်ခြင်းမရှိသည့် နာတာရှည်ရောဂါများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ဆောင်ရွက်ပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးကင်းဝေးရေးစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မှုကို ကျန်းမာရေးဦးစီးဌာနမှ စီမံချက်မန်နေဂျာ ဒေါက်တာနန်းနိုင်နိုင်ရှိန်ကလည်းကောင်း၊ ကူးစက်ခြင်းမရှိသည့် နာတာရှည်ရောဂါများ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းအတွက် "NCDs Policy Statement and frame work of Action Plan for NCDs Prevention and Control in Myanmar" (မူကြမ်း)ကို ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာသန်းဝင်းက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက်ဆွေးနွေးပွဲတက်ရောက်လာကြသူများက အုပ်စုအဖွဲ့များခွဲ၍ တင်ပြသည့် မူကြမ်းကို ဆွေးနွေးညှိနှိုင်းပေါင်းစပ်ပြီး အုပ်စုအလိုက် ဆွေးနွေးချက်များကိုရှင်းလင်းတင်ပြ၍တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၇

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၉	၂၃	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၂၇	၁၉	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၉	၂၃	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၁	၁၃	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၁	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၆	၂၆	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၁	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၃	၂၇	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၈	၂၁	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၃	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၂၇	၂၁	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၇	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၀	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၈	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၅	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၁	၂၃	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာမည်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၃	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၅	၂၆	နေရာကွက်ကျားမိုးရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၌ နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးပိုလာနိုင်သည်။

❒ *ကျော့ဖုံးမှ*

အာရှဒေသအခေါ် (ကာဘာယန်) ဖြစ်ပြီး နိုင်ငံတကာ မိုးလေဝသ ပညာရှင်များက "မူအီဖာ" ဟု အမည်ပေးထားသည့် ယင်းမုန်တိုင်းသည် ပြီးခဲ့သည့် ဇူလိုင် ၂၉ ရက်ကပင် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မူအီဖာမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ တစ်နာရီလျှင် ၁၂၀ ကီလိုမီတာအထိ တိုက်ခတ်ခဲ့သဖြင့် ရေလွှမ်းခြင်း၊ မြေပြိုခြင်းတို့ ဖြစ်ပေါ်ပြီး စုစုပေါင်း ၇၀ကျော် သေဆုံးခဲ့ရသည်။ နေအိမ်အဆောက်အအုံများ ပျက်စီးပြီး ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

လေယာဉ်ခရီးစဉ်များဖျက်သိမ်း

ထိုမူအီဖာမုန်တိုင်းသည် ကိုရီးယားကျွန်းဆွယ်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩဂုတ် ၂ ရက်၌ တောင်ကိုရီးယားနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ မိုးသည်းထန်ပြီး မြေပြိုမှုများဖြစ်ပွားခဲ့သည်။ လူ ၃၀ သေဆုံးပြီး အဆောက်အအုံများ ပျက်စီးခဲ့ရသည်။ တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ဆိုးလ်မြို့နှင့် ဂျေဂျူးကျွန်းအကြား လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရသည်။

တစ်ဖန် မူအီဖာမုန်တိုင်းသည် ဩဂုတ် ၃ ရက် နံနက် ၃ နာရီ၌ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြန်သည်။ အိုကီနာဝါကျွန်းသို့ ဝင်ရောက်တိုက်ခတ်ရာတွင် တစ်နာရီ ၁၂၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းမုန်တိုင်းကြောင့် အိုကီနာဝါကျွန်းတွင် မြေပြိုမှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ ၂၃ ဦး ဒဏ်ရာရရှိခဲ့သည်။ နေအိမ်အမိုးများ ပျက်စီးပြီး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့သည့်အပြင် ဖူကူရှီးမား စီရင်စုတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ရေဘေးဒုက္ခကြောင့် ဒေသခံ ၆၅၀၀၀ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဂျပန်နိုင်ငံတွင် မူအီဖာမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ် ၁၁၂ခု ဖျက်သိမ်းခဲ့ရပြီး ခရီးသည် ၂၁၇၀၀ တို့ လေဆိပ်များ၌ သောင်တင်နေခဲ့ကြရသည်။

မူအီဖာမုန်တိုင်းသည် ဩဂုတ် ၆ ရက်၌ တရုတ်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ပင်လယ်ပြင်၌ ငါးဖမ်းစက်လှေများအား ဆိပ်ကမ်းသို့ အမြန်ပြန်ကပ်ရန် သတိပေးခဲ့သော်လည်း ငါးဖမ်းစက်လှေအများအပြား မုန်တိုင်းကြောင့် ပျောက်ဆုံးခဲ့ရသည်။ ဆက်လက်ပြီး ရှန်ဟိုင်းမြို့ အရှေ့မြောက်ပိုင်းဒေသများသို့ တစ်နာရီ ၁၉၃ မိုင်နှုန်းဖြင့် တိုက်ခတ်ကာ အနောက်မြောက်ဘက်သို့ တစ်နာရီ ၁၅ မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိနေသည်။ မုန်တိုင်းဒဏ်ကြောင့် ဒေသခံ ၅၄၀၀၀၀ ခန့် ဘေးဒုက္ခကြုံတွေ့ရပြီး တာဝန်ရှိသူများက ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ဩဂုတ် ၆ ရက်မှ စတင်ကာ ရှန်ဟိုင်းမြို့ရှိ လေဆိပ်များပိတ်ထားရပြီး လေယာဉ်ခရီးစဉ် ၁၉၀ ခန့် ဖျက်သိမ်းထားရသည်။ ဆက်လက်ပြီး မုန်တိုင်းသတိ ပေးချက်များ ထုတ်ပြန်ထားရသည်။ ထို့အတူ နော့ခ်တင်းအမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဇူလိုင်လကုန်ပိုင်းမှ စတင်၍ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ထိုင်းနိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူအများအပြား သေဆုံးခဲ့ရသည်။ ထို့ပြင် မုန်တိုင်းဒဏ်ခံရပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် မုန်တိုင်းညီနောင်ဟု ခေါ်ဆိုရမည့် မူအီဖာမုန်တိုင်းနှင့် နော့ခ်တင်းမုန်တိုင်းတို့သည် အာရှအရှေ့ပိုင်းနိုင်ငံများသို့ တစ်ပြိုင်တည်းဝင်ရောက်ခဲ့ရာ ၄င်းမုန်တိုင်းများ၏ဒဏ်ကို အာရှနိုင်ငံအချို့၌ ပြည်သူများ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်ကို သဘာဝဘေးအန္တရာယ် သတိပြုဖွယ်အဖြစ် တင်ပြလိုက်ရပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

ရေဘေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေး

ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးအသိဖြင့်နေထိုင်

သီဟာ...
ဘားအံ...
ရေးစ...
အိမ်ဝေ...
စကား...

ဆွေးနွေးမှာကြား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မွန်ပြည်နယ်ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

○ *ရှေ့ဖုံးမှ*

ချေးငွေရရှိရေး ဆောင်ရွက်ခဲ့မှု၊ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် မော်လမြိုင်ဆိပ်ကမ်းရှိ ဆိပ်ခံတံတားများအခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ပြောကြားရာတွင် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် နိုင်ငံတော်သမ္မတဦးဆောင်ပြီး ချမှတ်ပေးထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း (၈)ရပ်ထဲမှ လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စသည့်နယ်ပယ်များပါဝင်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များတွင် ကော်မတီများ ဖွဲ့စည်းပြီးဖြစ်ကာ အထောက်အကူပြုကော်မတီအနေဖြင့် Action Plan များလည်း ချမှတ်ပေးပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းနယ်ပယ် ကဏ္ဍတစ်ခုစီတွင် Action Plan ၁၃ခုစီဖြင့် စီမံဆောင်ရွက်မည်ဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

ကဏ္ဍအလိုက် Action Plan များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ ဖောင်ဒေးရှင်းများ၏အား၊ စေတနာရှင်များ၏အား စသည်တို့ အပါအဝင် အား(၁၀)အားဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ရာ တာဝန်ရှိသူများ အပါအဝင် ပြည်သူများအားလုံးကလည်း ကျရာအခန်းကဏ္ဍမှ အားလုံးပူးပေါင်းပါဝင်ရန် တိုက်တွန်းလိုပါကြောင်း၊ သို့မှသာ ၂၀၁၅ ခုနှစ် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်တစ်ခုဖြစ်သည့် ဆင်းရဲမှုလျှော့ချရမည့် သတ်မှတ်ရာခိုင်နှုန်းရောက်ရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဆက်လက်၍ ပြည်သူများ သတိပြုကာကွယ်သင့်သည်များကိုလည်း ပြောကြားလိုပါကြောင်း၊ ယနေ့ နိုင်ငံတော်၌ သဘာဝဘေးအန္တရာယ်ရှိသကဲ့သို့ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအန္တရာယ်များလည်း ရှိနေပါကြောင်း၊ တစ်ဖက်မှ ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းရေးကို ထိပါးစေမည့်အန္တရာယ်များကိုလည်း ကာကွယ်တားဆီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

စည်းရုံးဆွေးနွေး

ငြိမ်းချမ်းရေးကို လူတိုင်းလိုလားကြပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ယခင်တပ်မတော်အစိုးရက ဆောင်ရွက်ခဲ့သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၄၀ သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြပြီး မည်သည့်ခေတ်ကာလကမျှ မရရှိခဲ့သည့် တည်ငြိမ်အေးချမ်းမှုကို ရရှိခဲ့ပါကြောင်း၊ ထိုစဉ်ကပင် ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်များ ရှိခဲ့ပါကြောင်း၊ သို့သော်လည်း အဖွဲ့(၅)ဖွဲ့အနေဖြင့် လိုက်နာဆောင်ရွက်မှု မရှိခဲ့ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းမှုဖြင့် နိုင်ငံတော်ကို တည်ဆောက်ရန်သာ လိုလားပြီး စစ်နှင့် သွေးထွက်သံယိုမှုများကို မလိုလားသည့်အတွက် ယင်းအဖွဲ့များအား ၎င်းတို့အနေဖြင့် နားလည်လက်ခံလာအောင် စည်းရုံးဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်က ထိုကဲ့သို့ စိတ်ရှည်သည်းခံပြီး ခွင့်ပြုခဲ့သော်လည်း KNU၊ KIA အဖွဲ့များအနေဖြင့် ဖမ်းဆီးမှု၊ ခြိမ်းခြောက်မှု၊ ပစ်ခတ်မှု၊ ဖောက်ခွဲဖျက်ဆီးမှု စသည်တို့ကို လုပ်ဆောင်ခဲ့ကြရာ တံတားအကြီး/အသေး စုစုပေါင်း ၈၈ စင်း ပျက်စီးခဲ့ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပြည်သူများ အခက်အခဲမရှိ သွားလာနိုင်အောင် ချက်ချင်းပြင်ဆင်ပေးခဲ့ပါကြောင်း၊ ထိုအဖျက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူ သေဆုံးသူ ၁၅ ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦးနှင့် ဖမ်းဆီးခံရသူ ၉၈ ဦး ရှိခဲ့ပါကြောင်း။

ထို့အပြင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအချို့သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား အမျိုးမျိုးဝေဖန်လျက် မမှန်မကန် စွပ်စွဲပြောဆိုလှုံ့ဆော်လျက်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားကြရမှာဖြစ်ပါကြောင်း၊ ဤနည်းလမ်းသည်သာ နိုင်ငံတော်နှင့် ပြည်သူများအတွက် အမှန်ကန်ဆုံးနှင့် အန္တရာယ်အကင်းဆုံး လမ်းကြောင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဖြစ်ပေါ်နေသည့် သဘာဝဘေး

အန္တရာယ် ကာကွယ်တားဆီးရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံရေးအန္တရာယ်ကာကွယ်တားဆီးရေးတို့ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပြည်သူအားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်စွာ ကျော်ဖြတ်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

လိုအပ်ချက်များတင်ပြ

ယင်းနောက် မုဒုံမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ် အုပ်ချုပ်ရေးမှူးတို့က ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တင်ပြကြသည်။

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဒေသဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အခြေအနေရှိသည့် တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေးရန်

ယင်းနောက် ဒုတိယသမ္မတက မှာကြားရာတွင် မိမိဦးဆောင်သည့် အဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း သဘာဝရေဘေး ခံစားနေကြရသည့် ပြည်သူများအတွက် လိုအပ်သည့် အားပေးကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ယခု ခရီးစဉ်အတွင်း မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုပါ ညှိနှိုင်းပံ့ပိုးပေးနိုင်ရန် ယခုကဲ့သို့ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း။

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်၏ ဒေသအခြေအနေများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ တင်ပြချက်အရလည်းကောင်း၊ ယနေ့ ပြည်နယ်၏ ပြောင်းလဲတိုးတက်မှုအခြေအနေများကို လေ့လာတွေ့ရှိမှုအရလည်းကောင်း မွန်ပြည်နယ်အနေဖြင့် တိုးတက်မှုများ ရှိနေသည်ကို တွေ့ရှိရကြောင်း။

အထူးသဖြင့် မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးမှုလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရကြောင်း၊ ယခင် အစိုးရလက်ထက်က မွန်ပြည်နယ်ကို ရော်ဘာစိုက်ပျိုးသည့် ပြည်နယ်တစ်ခုအဖြစ် စီးပွားဖြစ်စိုက်ပျိုးရေးအတွက် တွန်းအားပေးဆောင်ရွက်စေခဲ့သဖြင့် ယခုဆိုလျှင် ရော်ဘာကို ပြည်ပပို့ကုန်အမည်သစ်အဖြစ် တင်ပို့နိုင်သဖြင့် ရော်ဘာစိုက်တောင်သူများလည်း စီးပွားဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း။

ယမန်နေ့က မိမိတို့အဖွဲ့အနေဖြင့် ကျိုက္ခမီသို့သွားရောက်၍ လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုရှိသည်များကို သွားရောက်စစ်ဆေးခဲ့ပြီး ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ စင်္ကြံလမ်းမှာ သဘာဝဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်နေသည်ကို စစ်ဆေးကြည့်ရှုခဲ့ကာ စောင်းတန်းအသစ် ပြန်လည်တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း။

အထူးကောင်းမွန်

အလားတူ အခြေခံပညာအထက်တန်းကျောင်းနှင့် တက္ကသိုလ်တို့သို့ သွားရောက်၍ ဆရာ ဆရာမများနှင့်တွေ့ဆုံခဲ့ပြီး ပြည်နယ်၏ အခြေခံနှင့် အဆင့်မြင့်ပညာသင်ကြားမှု အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း၊ မွန်ပြည်နယ်၏ အခြေခံပညာကဏ္ဍတိုးတက်မှုကို တစ်ပြည်လုံး၏ ပျမ်းမျှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းဖြင့် ချိန်ထိုးသုံးသပ်ပါက အထူးကောင်းမွန်သည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ပြည်နယ်စီးပွားရေးအနေဖြင့် ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်သည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကာလတို (၅)နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်ပါကြောင်း။

မွန်ပြည်နယ်အတွက် ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အပါအဝင် (၅)နှစ်စီမံကိန်း လျာထားချက်များ ပေးထားပြီးဖြစ်ပါကြောင်း၊ စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရော်ဘာ စသည့် သီးနှံများအလိုက် လျာထားချက်များ ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မွေးမြူရေးကဏ္ဍ၊ သစ်တောကဏ္ဍ ရည်မှန်းချက်များကိုလည်း ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယနေ့အချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ရာ ယခင်ကထက် လုပ်နိုင်ကိုင်နိုင်သည့် အင်အားရှိခြင်း၊ ယခင်ကထက် ဒေသနှင့် နီးနီးကပ်ကပ် ဆောင်ရွက်နိုင်ခြင်း စသည့် အားသာချက်များ ရှိနေကြပြီဖြစ်သဖြင့် မိမိတို့အားပေးအပ်ထားသည့် စီးပွားရေးစီမံကိန်း ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ထို့ပြင် မွန်ပြည်နယ်၏ လူဦးရေ ၆၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိနေကြကြောင်း၊ ယနေ့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း (၈)ရပ်ကို ချမှတ်ပြီး နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဆပ်ကော်မတီများ ဖွဲ့စည်းပေးထားပြီး ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဟန်ချက်ညီ ပူးပေါင်းအကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် စီစဉ် ဆောင်ရွက်သွားရန်လိုကြောင်း။

ရွေးကောက်တင်မြှောက်ခဲ့

ဆက်လက်၍ နိုင်ငံတော်အခြေအနေများကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ခဲ့ပါကြောင်း။

ထို့ပြင် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့်လည်း ၂၀၁...
ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်၏ နိုင်ငံ...
ကာကွယ်ရေးဆိုင်ရာ နိုင်ငံတော်အခြေပြု မိန့်ခွန်း...
နိုင်ငံတော်သမ္မတ၏ အခြေပြုမိန့်ခွန်းသည်...
ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှ...
နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်၏ နိုင်...
ကာကွယ်ရေး၊ တိုင်းရင်းသားများအရေးတို့နှင့်...
ပြောကြားခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊...
တစ်ခုချင်းအလိုက် လုပ်ဆောင်ကြရာတွင် လုပ်ငန်...
လမ်းညွှန်ချက်နှင့်အညီ မှန်မှန်ကန်ကန် လိုက်...
ပါကြောင်း။

...အဖွဲ့အစ... များ သ... ပြောကြ... ဂိုဏ်းဂ... လက်နက... အချင်းချ... နှစ်ပေါင... သဖြင့်... ဒုက္ခမျိုးစုံ... ကြောင်း...

...အစိုးရအ... လက်နက...

အပါအဝင် အဖွဲ့ပေါင်း ၄၀ နှင့် ငြိမ်းချမ်းရေး ...
ရှမ်းပြည်နယ်(တောင်ပိုင်း) SSA အဖွဲ့သာကျန်ရှိ...
အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် ...
သဘောထားကြီးမှုများနှင့် ငြိမ်းချမ်းရေးရရှိအော...
ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေး...
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြ...
ခေတ်မီမြို့ပြအင်္ဂါရပ်များဖြင့် စည်ပင်ဖွံ့ဖြိုးတိုးတ...



ဒုတိယသမ္မတ သီဟသူရဦးတင်အော... ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသ... ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဖြစ်ပါကြောင်း၊ အချို့နယ်စပ်မြို့များသည် အတွင်း...
ဖွံ့ဖြိုးမှုများ ရှိလာကြောင်း။

ထို့ပြင် တိုင်းရင်းသား ညီအစ်ကိုအချင်းချ...
သည့်အတွက် တစ်ဦးနှင့်တစ်ဦး "တွေ့ပါများတေ...
ချစ်ခင်" ဆိုသကဲ့သို့ အနီးကပ်ထိတွေ့ဆက်ဆ...
ဆက်သွယ်ရေးကောင်းမွန်အောင်လည်း ဆောင်ရွက်...
အဖွဲ့များအပါအဝင် နယ်စပ်ဒေသများအတွက် ...
စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် က...
အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြော...
အတွက် စားဝတ်နေရေးအပြင် ရေရှည်စီးပွားရေ...
ဆောင်ရွက်ခွင့်များပေးခဲ့ပါကြောင်း။

ပြည်ထောင်စုစိတ်ဓာ...

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသ...

...ပ်ဖြည့်ဆည်းပေး ...အသိဖြင့်နေထိုင်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဘားအံမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့် အိမ်ထောင်စုများကို အားပေးစကား ပြောကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတအနေဖြင့်လည်း ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်က ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကာကွယ်ရေးဆိုင်ရာ နိုင်ငံတော်အခြေပြု မိန့်ခွန်းပြောကြားခဲ့ပြီးဖြစ်ရာ အဆိုပါ နိုင်ငံတော်သမ္မတ၏ အခြေပြုမိန့်ခွန်းသည် နိုင်ငံတော်အစိုးရ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ တိုင်းရင်းသားများအရေးတို့နှင့်ပတ်သက်၍ အသေးစိတ် ပြောကြားခဲ့သည်ကို တွေ့ရမှာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်ဆောင်ကြရာတွင် လုပ်ငန်းတစ်ခုချင်းအလိုက် အဆိုပါ လမ်းညွှန်ချက်နှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်သွားကြစေလိုပါကြောင်း။

ဒုက္ခမျိုးစုံ

ဆက်လက်၍ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ပြည်သူများ သိရှိနိုင်ရန်အတွက် ရှင်းလင်းပြောကြားလိုပါကြောင်း၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲများကြောင့် လက်နက်စွဲကိုင်ပြီး တိုင်းရင်းသားအချင်းချင်း လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း (၅၀)ကျော် တိုက်ခိုက်ခဲ့ကြသဖြင့် တိုင်းရင်းသားပြည်သူများ ဒုက္ခမျိုးစုံ တွေ့ကြုံခံစားခဲ့ကြရကြောင်း။

ထို့ကြောင့် ယခင်တပ်မတော်အစိုးရအနေဖြင့် ၁၉၈၉ ခုနှစ်မှစ၍ လက်နက်ကိုင်အဖွဲ့အစည်း (၁၇)ဖွဲ့ အပါအဝင် အဖွဲ့ပေါင်း ၄၀ နှင့် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီး KNU အဖွဲ့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) SSA အဖွဲ့သာကျန်ရှိခဲ့ကြောင်း၊ ယခင်တပ်မတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များနှင့် ယုံကြည်မှု၊ သဘောထားကြီးမှုများနှင့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းတည်ဆောက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ ပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် နယ်စပ်ဒေသများဆိုလျှင် ခေတ်မီမြို့ပြအင်္ဂါရပ်များဖြင့် စည်ပင်ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အချို့နယ်စပ်မြို့များသည် အတွင်းပိုင်းမြို့များထက်ပင် စည်ပင်ဖွံ့ဖြိုးမှုများ ရှိလာကြောင်း။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘားအံမြို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့် အိမ်ထောင်စုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ပြင် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အနေဝေး၍ စိမ်းနေကြသည့်အတွက် တစ်ဦးနှင့်တစ်ဦး "တွေ့ပါများတော့ ရင်းနှီး၊ မြင်ပါများတော့ ချစ်ခင်" ဆိုသကဲ့သို့ အနီးကပ်ထိတွေ့ဆက်ဆံမှုများရရှိစေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်လည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့များအပါအဝင် နယ်စပ်ဒေသများအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍစုံဖွံ့ဖြိုးလာအောင် ယခင်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့များအတွက် စားဝတ်နေရေးအပြင် ရေရှည်စီးပွားရေးလုပ်ငန်းများအတွက်လည်း ဆောင်ရွက်ခွင့်များပေးခဲ့ပါကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီနောင်အချင်းချင်း အေးအတူ ပူအမျှစိတ်ထားဖြင့် ညီညွတ်မှု ရယူဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ငြိမ်းချမ်းရေးကို ရယူတည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတအနေဖြင့် ၂၀၁၁ခုနှစ် မတ် ၃၀ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ နိုင်ငံတော်အခြေပြု မိန့်ခွန်းပြောကြားခဲ့စဉ်က မိမိတို့တွင် မတူညီသည့် သဘောထားအမြင်များ ရှိကြမှာဖြစ်သော်လည်း တိုင်းပြည်၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ထားပါကြောင်း၊ မိမိတို့နှင့် ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း မိမိတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေးအတွက် အမြဲလက်ကမ်းကြိုဆိုလျက် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မွန်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်အလှူငွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက စာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဆေးဝါးများနှင့် ပစ္စည်းများကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် လုပ်ငန်းရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများကိုလည်းကောင်း၊ ရွှေသံလွင်ကုမ္ပဏီက မော်လမြိုင်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ SKY NET ရုပ်သံလိုင်း သုံးစုံစီကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက အသီးသီး လက်ခံကြသည်။

အောင်ချက်အကောင်းဆုံး

ယင်းနောက် မွန်ပြည်နယ်အတွင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြင့် ဖြေဆိုအောင်မြင်ခဲ့သော အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းနှင့် မုဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(တွဲ) ကော့ပရံတို့အား ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက SKY NET ရုပ်သံလိုင်း တစ်စုံစီကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက လက်ခံသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီးများနှင့်အတူ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် မော်လမြိုင်မြို့မှ ကရင်ပြည်နယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြပြီး လမ်းတစ်လျှောက်ရှိ သံလွင်မြစ်ရေကြီးမှုအခြေအနေများကို ကြည့်ရှုကာ မွန်းလွဲပိုင်းတွင် ဘားအံမြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံ

ရှေးဦးစွာ ဒုတိယသမ္မတသည် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ဒုတိယသမ္မတအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ကရင်ပြည်နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်မှု၊ ကရင်ပြည်နယ်ဖွဲ့စည်းမှု၊ ကရင်ပြည်နယ်အတွင်း ၂၀၁၀ ခုနှစ်တွင် မိုးရွာသွန်းမှုသည် (၁၄၇ ဒသမ ၅၇ လက်မ) ရှိခဲ့ပြီး ယခုနှစ် ၂၀၁၁ ခုနှစ် ဇူလိုင်လအထိ မိုးရွာသွန်းမှုမှာ (၁၁၉ ဒသမ ၄၁ လက်မ)သို့ ရောက်ရှိခဲ့သည့်အတွက် ယခင်နှစ် ကာလတူ နှိုင်းယှဉ်ပါက မိုးရေချိန်လက်မ (၅၃ ဒသမ ၃၉ လက်မ) ပိုမိုရွာသွန်းခဲ့မှုတို့ကို ပဏာမရှင်းလင်းတင်ပြပြီးနောက် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် မြစ်/ချောင်းများ၏ စိုးရိမ်ရေမှတ်များ အခြေအနေ၊ ၂၀၁၁ခုနှစ် ဇူလိုင်လအတွင်း စိုးရိမ်ရေမှတ်များသို့ ရောက်ရှိခဲ့မှုမှတ်တမ်း၊ သံလွင်မြစ်ရေကြီးမှုကြောင့် ဘားအံမြို့ပေါ်ရှိ ရပ်ကွက်များတွင် ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်များ အခြေပြမြေပုံ၊ ရွှေဂွန်းကျေးရွာအတွင်း ရေနစ်မြုပ်မှု၊ ရွှေဂွန်းကမ်းပါး ရေတိုက်စားခံရမှု၊ လှိုင်းဘွဲ့မြို့နှင့် မြဝတီမြို့ ရေနစ်မြုပ်မှု၊ သံလွင်မြစ်ရေကြီးမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်မှု၊ ထောက်ပံ့လှူဒါန်းမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးမှု၊ ရင်းနှီးမတည်ငွေနှင့် ချေးငွေထုတ်ပေးမှု၊ ပညာသင်ကြားရေးဆောင်ရွက်မှု၊ ချက်ပြုတ်ကျွေးမွေးမှု၊ ရေပြန်လည်ကျ၍ ယာယီစခန်းမှ နေအိမ်သို့မပြန်မီ ရိက္ခာထောက်ပံ့ပေးမှု၊ ရေနစ်မြုပ်ပြီး လယ်များရှင်သန်မှုကောင်းမွန်စေရေး မြေဩဇာကြဲပက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုတင်စီမံဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရေဘေးဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီးနောက် ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး၊ နောက်ဆက်တွဲရောဂါများ မဖြစ်ပွားစေရန်အတွက် ကျန်းမာရေးအသိဖြင့် နေထိုင်ရန်၊ စခန်းများရှိ မိသားစုများ ရင်းရင်းနှီးနှီး နေထိုင်ရန်၊ နေအိမ်များသို့ ပြန်လည်ရောက်ရှိရာတွင်လည်း လတ်တလောတွင် လုပ်ငန်းခွင်ဝင်ရောက်ရန် အခက်အခဲရှိနိုင်မည်ဖြစ်၍ တစ်ပတ်စာ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးရေး သင့်တင့်သည့် အရင်းအနှီးရှိအောင် ပြည်နယ်အစိုးရအဖွဲ့က စီစဉ်ပေးရေး၊ နောင် ရေကြီးနစ်မြုပ်မှုဖြစ်ပါက မြန်မြန်ရေပြန်ဆွဲထုတ်နိုင်မည့် အစီအစဉ်များ လေ့လာဆောင်ရွက်ထားရေး၊ ရေကြီးမှုအတွက် ကယ်ဆယ်ရေးလုပ်ငန်း တစ်ခုတည်းဆောင်ရွက်ပေးရုံသာမက ထိရောက်သည့် ကာကွယ်ရေးလုပ်ငန်းများကို လေ့လာဆောင်ရွက်ကြရေး၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရအောင် ကြိုတင်စီမံဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ မဲဘောင်ကျောင်းတိုက်သို့ရောက်ရှိကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အမှတ်(၂) ရပ်ကွက် ရွှေယဉ်မျှော်ပြည်တော်ဇေစေတီတော်တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ရှေးဦးစွာ ရွှေယဉ်မျှော်ပြည်တော်ဇေစေတီတော် ဂန္ဓကုဋိတိုက်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် စေတီပရိဝုဏ်အတွင်းဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် အိမ်ထောင်စု ၁၈၃ စုမှ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၂) ရပ်ကွက် သစ္စာလမ်းရှိ ခါဒေမွလ်အစ္စလာမ် ပရဟိတစာသင်ကျောင်းတွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိပြီး ရေဘေးသင့် အိမ်ထောင်စု ၆၃ စုမှ မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

အားပေးစကားပြောကြား

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၁) ရပ်ကွက် သုမေဓာရာမကြားတောရစခန်း၌ ဖွင့်လှစ်ထားသော ရေဘေးသင့်အိမ်ထောင်စု ၅၆ စုမှ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် အမှတ်(၁) ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် အိမ်ထောင်စု ၂၀၇ စုမှ မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အမှတ်(၅) ရပ်ကွက် အောင်သံလွင်ပြည်နယ်အားကစားကွင်းရှိ ရေဘေးသင့် အိမ်ထောင်စု ၁၁၀၊ တောင်တန်းသာသနာပြု ပရဟိတကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးသင့် အိမ်ထောင်စု ၇၀၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၆၁ စုနှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်းမှ အိမ်ထောင်စု ၂၆ စုတို့ကို သွားရောက်တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုအားပေးစဉ် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါးပစ္စည်းနှင့် အဝတ်အထည်နှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

မှာကြား

ဒုတိယသမ္မတသည် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် စခန်းများ၌ ကျန်းမာရေးနှင့် ညီညွတ်မှုရှိရေး၊ ရေကျ၍ စခန်းမှ နေအိမ်များသို့ပြန်သည့်အခါ ရက်သတ္တတစ်ပတ်စာအတွက် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးရေး၊ ယင်းတို့အတွက် ကျန်းမာရေးနှင့် သောက်ရေသန့်ရရှိရေးတို့ကို ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

တောင်ကြီးဇုန်တက္ကသိုလ်များ(အမျိုးသား) ဘော်လီဘောပြိုင်ပွဲဖွင့်

နေပြည်တော် ဩဂုတ် ၇

ရှမ်းပြည်နယ် ၂၀၁၁ခုနှစ် တောင်ကြီးဇုန် တက္ကသိုလ်များ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၅ရက် မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားရုံ၌ကျင်းပရာ အခမ်းအနားတွင် ၂၀၁၁ခုနှစ် တောင်ကြီးဇုန်တက္ကသိုလ်များ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယကပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အဆိုပါ ၂၀၁၁ခုနှစ် တောင်ကြီးဇုန် တက္ကသိုလ်များ အမျိုးသားဘော်လီဘော ပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၈ ရက် အထိ လေးရက် ကျင်းပမည်ဖြစ်ပြီး တောင်ကြီးတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်နှင့်လားရှိုးတက္ကသိုလ်တို့မှ ဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမှာစကားပြောကြား

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလားခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်အား ပြိုင်ပွဲဝင်အားကစားသမားများက အလေးပြုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲ ပွဲစဉ်အဖြစ် မိုင်းဖြတ်ခရိုင်နှင့် ကျောက်မဲခရိုင်တို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

(၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

(၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲကို ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ ပန်ကြပ်ဆီလတ်(အမျိုးသား)ပြိုင်ပွဲတွင်(၄၅-၅၀)နှစ်ပွဲ၊ (၅၀-၅၅)လေးပွဲ၊ (၅၅-၆၀)လေးပွဲ၊ (၆၀-၆၅)နှစ်ပွဲ၊ (၆၅-၇၀)၊ (၇၀-၇၅)နှင့် (၇၅-၈၀) ဝိတ်တန်းနှစ်ပွဲယှဉ်ပြိုင်ကြသည်။ ပန်ကြပ်ဆီလပ်(အမျိုးသမီး) ပြိုင်ပွဲတွင် (၄၅-၅၀)လေးပွဲ၊ (၅၀-၅၅) လေးပွဲနှင့် (၅၅-၆၀)၊ (၆၀-၆၅)ဝိတ်တန်းတို့ ယှဉ်ပြိုင်ကြသည်။(ယာပုံ)

သတင်းမှတ်စုနှင့် ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ယှဉ်ပြိုင်ကြ

ဆက်လက်၍ ဓားတစ်လက်အတိုက် (အမျိုးသား)ပြိုင်ပွဲတွင် (၄၅-၅၀)လေးပွဲနှင့် ဓားနှစ်လက်အတိုက် လေးပွဲတို့ယှဉ်ပြိုင်ကြသည်။ ဓားတစ်လက်အတိုက် (အမျိုးသမီး) ပြိုင်ပွဲတွင် (၄၀-၄၅)လေးပွဲ၊ ဓားနှစ်လက်အတိုက် ပြိုင်ပွဲတွင် (၅၀-၅၅) ဝိတ်တန်း သုံးပွဲတို့ ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ကမမောင်းမြို့နယ်ခွဲ ကမမောင်း-ဖာပွန်ကားလမ်းပေါ်ရှိ ဝါးသိုခိုရွာ၌ သောင်းကျန်းသူများ၏ လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျောင်းသားနှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၇

ကရင်ပြည်နယ် ကမမောင်းမြို့နယ်ခွဲ ကမမောင်း-ဖာပွန်ကားလမ်းဘေးရှိ ဝါးသိုခိုရွာအား KNU သောင်းကျန်းသူ တပ်မဟာ (၅)၊ ရင်း(၁၀၁)မှ ခွဲမှူးအဆင့်ရှိ ဖားစတီး ဦးစီးအင်အား ၃၀ခန့်က ဩဂုတ် ၅ရက် နံနက် ၁၁နာရီ မိနစ် ၄၀ခန့်တွင် လက်နက်ကြီး/ငယ်များဖြင့်ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် ဝါးသိုခိုရွာမူလတန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဗုံးခိုကျင်းအတွင်း တိမ်းရှောင်ရာမှ ရန်သူ့လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် မောင်ဖားခက်ခက်(ခ)ချစ်အောင် (၁၀)နှစ် ပထမတန်း(ဘ)ဦးထွန်းမြင့်တွင် ဝဲပေါင်အစထိမှန်ဒဏ်ရာ(မစိုးရိမ်ရ)နှင့် မရယ်ဂျီးနား(ခ)ကလို့ထူး(၈)နှစ် ပထမတန်း(ဘ)ဦးတိုတိုတွင် ဝဲပေါင်အစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ဝါးသိုခိုရွာကျောင်းအုပ်ဆရာကြီးက ကမမောင်းဆေးရုံသို့ ပို့ဆောင်ပြီး တာဝန်ရှိသူများက လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဩဂုတ် ၆ ရက်က ကျင်းပရာ နိုင်ငံသားအရည်အချင်း ပြည့်မီသူ တစ်ဦးအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ချယ်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးချစ်ကိုကိုလွင်တို့ ပေးအပ်စဉ်။

(အဆိုပါအခမ်းအနားတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၉၈ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။)

(မြို့နယ် ပြန်/ဆက်)

ရေဦးမြို့၌ ကောက်ရသည့် MP-4 အားဖြုတ်ကြည့်စဉ် ပေါက်ကွဲမှုဖြစ်ပွား၊ လူကြီးတစ်ဦး၊ ကလေးနှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့၌ ဩဂုတ် ၄ ရက်က ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သဖြင့် လူကြီးတစ်ဦးနှင့် ကလေးနှစ်ဦးတို့ဒဏ်ရာရရှိခဲ့ကြကြောင်း သိရှိရသည်။

ပြုစုစောင့်ရှောက်

ဖြစ်ပွားပုံမှာ ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက်နေ မောင်ဇင်မင်းထွေး(၈)နှစ် ဒုတိယတန်း (ဘ) ဦးမျိုးနှင့် အိမ်နီးချင်းဖြစ်သူ မအေးအေးဝင်း (၁၁)နှစ် တတိယတန်း (ဘ)ဦးခင်မောင်ထွေးတို့နှစ်ဦးသည် ဩဂုတ် ၄ရက် နံနက် ၈နာရီခွဲခန့်တွင် အောင်ဆန်းရပ်ကွက် တပင်ရွှေထီးလမ်း မြပန်းသဇင်ဘော်ဒါဆောင်ရှေ့ ပလက်ဖောင်းဘေး၌ MP-4 တစ်လုံးကောက်ရသဖြင့် နေအိမ်သို့ ယူဆောင်လာခဲ့ကြောင်း၊ နေအိမ်၌ မအေးအေးဝင်း၏ ဖခင် ဦးခင်မောင်ထွေးက MP-4 အား ဖွင့်ကြည့်ရာ အသံနှင့်ရုပ်မပေါ်သဖြင့် နောက်ကျောရှိ ဘက်ထရီအား ဖြုတ်ကြည့်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ပေါက်ကွဲမှုကြောင့် ဦးခင်မောင်ထွေး၏ ယာလက်ညှိုးပွန်းပဲ့ဒဏ်ရာ၊ ဇင်မင်းထွေး၏ ဝမ်းဗိုက်ပွန်းပဲ့ဒဏ်ရာနှင့် မအေးအေးဝင်း၏ ယာလက်မောင်း ပွန်းပဲ့ဒဏ်ရာ (မစိုးရိမ်ရ)များ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား တာဝန်ရှိသူများက ခေါ်ယူမေးမြန်းပြီး လိုအပ်သည့်ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လုပ်ငန်းလိုင်စင်မရှိဘဲ အခကြေးငွေယူ၍ ခရီးသည်တင်ဆောင်ခြင်း မပြုရ

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့်ရေစီးရေလာကောင်းမွန်ရေးအတွက် တောင်ကြီးလမ်းဘေး ရေမြောင်းတူးဖော်နေမှုကို ဩဂုတ် ၂ ရက်ကအမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီမြို့ အောင်မင်္ဂလာဈေးအတွင်း သား၊ ငါး ရောင်းချရာတွင် အလေး၊ချိန်ခွင် မှန်ကန်စေရေးအတွက် ဇူလိုင် ၉ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြို့တွင်းလမ်းများရှိ ပန်းအလှပင်များဖြတ်ညှပ်ပုံဖော်ခြင်း၊ မြက်ဖြတ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၃၀ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းနှင့် အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြော်ငြာဆိုင်းဘုတ်များ စနစ်တကျတပ်ဆင်ထားရှိမှု ရှိ မရှိကို ဩဂုတ် ၂ ရက်က ဒုတိယဦးစီးမှူး (အခွန်) ဦးခင်ညွန့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (ဝ၆၆)



မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပန်းအလှပင်နှင့် အရိပ်ရပင် ပျိုးထောင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ဦးစီးကျင်းပသည့် ဆရာဝန်နှင့် လူနာကြား ကောင်းမွန်တိုးတက်သော ဆက်ဆံရေးမြှင့်တင်ခြင်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင် **(အပေါ်ပုံ)**နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Herbert Tennakoon တို့က အမှာစကားပြောကြားကြသည်။ အထွေထွေရောဂါကုဆရာဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးတင်အေးက ဆရာဝန်နှင့်လူနာ နှစ်ဦးနှစ်ဖက်ဆက်ဆံရေး နည်းဗျူဟာများ၊ ပါမောက္ခ ဦးနေဝင်းက ကောင်းမွန်အကျိုးရှိသော ဆရာဝန်နှင့် လူနာဆက်ဆံရေး၊ ပါမောက္ခ ဒေါ်မြသီတာက အရည်အသွေးပြည့်သော ဆေးကုသမှုကျင့်စဉ်နှင့် ပါမောက္ခ ဦးမြင့်သောင်းက လူနာများအား လုံခြုံစိတ်ချရသော ဆေးဝါးကုသမှုလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

လက်ခံယူ

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အပတ်စဉ်(၂၇)ကျောင်းဆင်းများ ဇူလိုင် ၂၂ ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် အလှူငွေကျပ် ၁၈ သိန်း ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဗိုလ်မှူးကြီး တင်သိန်းလွင်(ငြိမ်း) လက်ခံယူစဉ်။

(မြန်မာ့အလင်း)

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး မြောင်းမြမြို့၌ ကွင်းဆင်းဆောင်ရွက်

မြောင်းမြ ဩဂုတ် ၇

မြောင်းမြခရိုင် မြောင်းမြမြို့နယ် စကမြားကျေးရွာအုပ်စု၌ လုပ်ခွင့်ရကေအလိုက် တောင်သူဦးရေ စာရင်းနှင့် စပါးစိုက်ပျိုးသည့်စာရင်း ကောက်ယူပြုစုခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်က ခရိုင်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးတင်ထွန်းအောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းနှင့်ဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် အဆိုပါလုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးကြသည်။

တွေ့ဆုံရှင်းလင်း

ယင်းနောက် အဆိုပါအဖွဲ့သည် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကိန်းဂဏန်းမှန်ကန်ရေးနှင့် စပ်လျဉ်း၍ တောင်သူများနှင့် တွေ့ဆုံရှင်းလင်းခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြောမည်

ရန်ကုန် ဩဂုတ် ၇

မလေးရှားနိုင်ငံရှိ UCSI University တွင် နှစ်နှစ်ခွဲကြာ တက်ရောက်သင်ကြားနိုင်မည့် ဟိုတယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒီပလိုမာအကြောင်း ရှင်းလင်းဟောပြောပွဲကို ဩဂုတ် ၁၃ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ Parkroyal Hotel ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါဟောပြောပွဲတွင် မလေးရှားနိုင်ငံမှ Associate Professor Dr. Wong Kong Yew က ရှင်းလင်းဟောပြောမည်ဖြစ်သည်။ ၎င်း Hotel Management ဒီပလိုမာရရှိသော ကျောင်းသားများသည် မလေးရှားနိုင်ငံရှိ ဟိုတယ်ကြီးများတွင် ၁၀ လတိတိ လက်တွေ့လုပ်ငန်းခွင်ဝင်ရမည်ဖြစ်ပြီး စက်တင်ဘာလတွင်ဖွင့်မည့် အဆိုပါ Hotel Management ဒီပလိုမာသင်တန်းကို တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) IGCSE အောင်မြင်ထားပြီး IELTS (5.5) ရှိထားသူများ တက်ရောက်နိုင်ကြောင်းနှင့် IELTS အမှတ်မရှိပါက UCSI ၏ အင်္ဂလိပ်စာ စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ကြောင်း သိရှိရသည်။

တက်ရောက်နိုင်

ယင်းနောက် ဆက်လက်ပညာဆည်းပူးလိုပါက B.A(Hons) Hospitality Management နှင့် B.A(Hons) Event and Tourism Management ဘွဲ့များကို UCSI University ၌ပင် ဆက်လက်သင်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၅၈၄၂၈၊ ၀၉-၅၅၀၄၉၃၁ တို့ထံသို့ ကြိုတင်စာရင်းပေး၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမှာစကားပြောကြား

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၃၁ ရက်က မြို့နယ်အသင်းစုရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစံလွင် အမှာစကားပြောကြားစဉ်။

(၀၂၅)

ပဲခူးတိုင်းဒေသကြီးဆန်စပါးလုပ်ငန်းရှင်များအသင်း လုပ်ငန်းညှိနှိုင်း

တောင်ငူ ဩဂုတ် ၇

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း ပဲခူးတိုင်းဒေသကြီး၏ လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက တောင်ငူမြို့ တိုင်းအသင်းရုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ ဆန်စပါးမူဝါဒဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးကိုကိုကြီး **(အပေါ်ပုံ)** နှင့် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကျော်တို့က ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ အမှုဆောင်များဖြစ်ကြသည့် ဦးခင်ဝင်း (တောင်ငူမြို့နယ်)၊ ဦးပန်းလှိုင် (ကဝမြို့နယ်)၊ ဦးထွန်းသိန်း (ညောင်လေးပင်မြို့နယ်)၊ ဦးသန်းလွင် (အုတ်တွင်းမြို့နယ်)၊ ဦးကျော်တင့် (ဝေါမြို့နယ်)နှင့် ဦးအောင်စိုးမြင့် (ထန်းတပင်မြို့နယ်) တို့က ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရှိရသည်။ **(၁၃၆)**

သန်လျင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဇူလိုင် ၂၂ ရက်က မြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးတင်ထူး အမှာစကားပြောကြားစဉ်။ (၀၄၉)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရုံးဝင်းအတွင်း မြေယာရှုခင်းအလှများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၈-၈-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	စိုက်ပျိုးသုတ
၄း၂၅	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀	၈။	လျှပ်တစ်ပြက်
၄း၄၅	၉။	ဗွီစီဒီကျော်ကြားတေး
၄း၅၀	၁၀။	သန့်စွာကိုင်လေ စက္ကူငွေ
၅း၀၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း -၂၅)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၅။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၅၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေးသုံးပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	Talk of the Town
	၂၃။	မေးမြန်းစူးစမ်း
	၂၄။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၅။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၄၁)
	၂၇။	**Mini Series**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဇယ်တောက်ခုံလောင်းကစားဝိုင်း အရေးယူပေးပါ

စာတည်းခင်ဗျား-

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့ စုပေါင်းရုံးအနောက်မြောက်ထောင့်ရှိ ကွမ်းယာဆိုင်နှင့်လက်ဖက်ရည်ဆိုင်တို့တွင် ဇယ်တောက်ခုံ ကစားကြသူများသည် နေ့ရောညပါ ဆူညံစွာအော်ဟစ်၍ လောင်းကစားနေကြသောကြောင့် အနီးပတ်ဝန်းကျင်နေအိမ်များ စိတ်အနှောင့်အယှက်ဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စိတ်အနှောင့်အယှက်ဖြစ်ရသူ

လက်တွန်းလှည်းဈေးသည်များ ကြပ်မတ်ပေးစေလို

စာတည်းရှင့်-

လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းပေါ်တွင် လက်တွန်းလှည်းများဖြင့် စည်းကမ်းမဲ့ရောင်းချနေသော ဈေးသည်များကြောင့် လမ်းသွားလမ်းလာပြည်သူများနှင့် ဘက်စ်ကားမှတ်တိုင်တွင် စောင့်ဆိုင်းနေကြသော ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသွားများ**

ထမင်းဆိုင်အား ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်

၁၅-၇-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မော်လမြိုင်ကျွန်းမြို့ မြို့မ(၃)ရပ်ကွက် အောင်ဆန်း(၇) လမ်းထိပ်ရှိ ထမင်းဆိုင်မှ ရေမြောင်းအတွင်းသို့ အမှိုက်နှင့် အညစ်အကြေးများစွန့်ပစ်နေမှုကို ရှင်းလင်းပေးပါ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တွံတေး-မအူပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ အမြန်ပြီးစီးရေးကြိုးပမ်း
စက်၊ ယာဉ်၊ ယန္တရားများ လုပ်ငန်းခွင်များ၌ အသုံးပြုနိုင်အောင်ဆောင်ရွက်ထား

နေပြည်တော် ဩဂုတ် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၆ ရက် နံနက် ၈ နာရီခွဲတွင် လှိုင်သာယာ-တွံတေးလမ်းအား ဇေကမ္ဘာကုမ္ပဏီက B.O.T စနစ်ဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တွံတေး-မအူပင် လမ်းပေါ်ရှိ ဇီးဖြူကုန်းတံတား၌ မိုးကြီးပြီး ရေတိုက်စားမှုများကြောင့် ကမ်းကပ်မြေနိမ့်ကျနေမှု ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ ●

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



အာကာသယာဉ်သစ် ထိပ်ဖူးအတွင်း ဘိုးရင်း လေယာဉ်မှူး နှစ်ဦး လိုက်ပါမည်။ (စာ-၄)

ဝင်ဘလေကွင်း၌ မန်ယူတို့ အောင်ပွဲခံ၊ ကွန်မြူနတီဒိုင်းကို (၁၉)ကြိမ်မြောက် ဆွတ်ခူး။ (စာ-၅)

အာရှနိုင်ငံ အချို့ကို ဝင်ရောက်ခဲ့သည့် မူအီဖာနှင့် နော့ခ်တင်း မုန်တိုင်းညီနောင်

မြန်မာ့အလင်း နိုင်ငံတကာ သဘာဝဘေး သတင်းမှတ်စု

သတင်းမှတ်စု **မောင်မောင်မြင့်ဆွေ**

ယခုရက်ပိုင်းအတွင်း အာရှနိုင်ငံအချို့၌ မုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုနှင့် ကြုံတွေ့နေရသည်။ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် မူအီဖာ(MUIFA)မုန်တိုင်း **(အောက်ပုံ)** တိုက်ခတ်မှုဒဏ်ခံရပြီး ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း နော့ခ်တင်း (NOCKTEN) မုန်တိုင်း တိုက်ခတ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ကိုးခုမြောက်

မူအီဖာ အမည်ရှိ မုန်တိုင်းသည် ယခုနှစ်၌ ပစိဖိတ်သမုဒ္ဒရာအတွင်း ကိုးခုမြောက် မုန်တိုင်းဖြစ်ပြီး ဇူလိုင် ၂၉ ရက်ကပင် နာဆာ၏ ဂြိုဟ်တုမှ ပေးပို့သော သတင်းဓာတ်ပုံ အချက်အလက်များအရ ပစိဖိတ်သမုဒ္ဒရာတွင် မုန်တိုင်းဖြစ်ပေါ်ပြီး အာရှနိုင်ငံအချို့ကို ဝင်ရောက် တိုက်ခတ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❐



သံလွင်၊ ရွှေကျင်နှင့် စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၇

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၈၃၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈၃ စင်တီမီတာ (၂ ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ **ရွှေကျင်မြစ်ရေ**သည် ရွှေကျင်မြို့တွင် ၇၁၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၂ စင်တီမီတာ (၀ ဒသမ ၄ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ **စစ်တောင်းမြစ်ရေ**သည် တောင်ငူမြို့တွင် ၅၇၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**